# LIFT နှစ်ပတ်လည် အစီရင်ခံစာ

# ကောက်နှုတ်ချက်များ

၂၀၁၆



Livelihoods and Food Security Trust Fund

LIFT

UKaid

European Union

Australian Aid

DENMARK

USAID

SWEDEN

afd

GRAND DUCHY OF LUXEMBOURG

Irish Aid

# မာတိကာ


အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း ၁

အကျိုးသက်ရောက်မှု ၂

အောင်မြင်ပြီးစီးခဲ့သောရလဒ်များ ၂၀၁၀-၂၀၁၆ ၃

ကျွန်ုပ်တို့၏လုပ်ငန်းနယ်မြေ ၄

စိုက်ပျိုး-ဂေဟာဗုဒ်အလိုက်ရန်ပုံငွေခွဲဝေချထားမှု ၅

တိုးချဲ့စီမံကိန်းများ ၆

- မြစ်ဝကျွန်းပေါ်ဒေသ စီမံကိန်း ၆
- အပူပိုင်းဇုန်ဒေသ စီမံကိန်း ၇
- တောင်တန်းဒေသ စီမံကိန်း ၈
- ရခိုင်ဒေသ စီမံကိန်း ၉
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း ၁၀
- ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်း ၁၁

စက်မှုလယ်ယာဖြင့် ရှေ့သို့တက်လှမ်းခြင်း ၁၃

အားလုံးပါဝင်စေသော ကျေးလက်ဒေသ အသွင်ကူးပြောင်းမှုအတွက်ဆောင်ရွက်ခြင်း ၁၅

- ၁။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ၁၇
- ၂။ ပုဂ္ဂလိက ကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှု ၁၉
- ၃။ အာဟာရ ၂၀
- ၄။ ကျား/မ ရေးရာ ၂၃
- ၅။ လူမှုကာကွယ်စောင့်ရှောက်ရေး ၂၅
- ၆။ ရာသီဥတု ပြောင်းလဲမှု ၂၇
- ၇။ အရပ်ဘက် လူမှုအဖွဲ့အစည်း ၂၉
- ၈။ မူဝါဒ ၃၀

LIFT ၏ အုပ်ချုပ်မှု နှင့် ဘဏ္ဍာရေး ၃၂



ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ကျေးလက်နေ နွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT)ကို ပံ့ပိုးကူညီကြခြင်းအတွက် ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT ၏ ပထမဦးဆုံးသော ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။



အသိပေးကြေငြာချက်

ဤအစီရင်ခံစာကို ၂၀၁၆ခုနှစ်အတွင်း LIFT က ရန်ပုံငွေ ပံ့ပိုးခဲ့သော စီမံချက်များမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု နှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသော အမြင်များသည် LIFT တွင် ထည့်ဝင်လှူဒါန်းထားကြသည့် အလှူရှင်များ၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။


ဓါတ်ပုံများကို  John Rae/UNOPS, Jenny Macintyre, Jacquette Hayes, Kaung Htet နှင့် Pyoe Pin တို့မှ ရိုက်ကူးထားပါသည်။

၂၀၁၆ခုနှစ် LIFT နှစ်ပတ်လည် အစီရင်ခံစာ အပြည့်အစုံကို www.lift-fund.org/publications တွင် ရယူနိုင်ပါသည်။

# အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း




၂၀၁၀-၂၀၁၆ အတွင်း LIFT ၏ ပံ့ပိုးမှုများရရှိခဲ့သော မိသားစုများ

အလှူရှင်အများ စုပေါင်းထည့်ဝင်ထားသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihoods and Food Security Trust Fund – LIFT) သည် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူတို့အား စီးပွားရေးအလားအလာ အပြည့်အဝ ရရှိလာစေရန်အတွက် အာဟာရပြည့်ဝမှု တိုးတက်လာစေခြင်း၊ ဝင်ငွေရလမ်းအမျိုးမျိုး ဖန်တီးပေးခြင်း နှင့် လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်လာစေခြင်းတို့ဖြင့် ၂၀၁၀ ခုနှစ်မှ စတင်၍ ပံ့ပိုးကူညီခဲ့ပါသည်။

ကျွန်ုပ်တို့ LIFT သည် မြန်မာနိုင်ငံ၏ ကျေးလက်စီးပွားရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာစေရန် နှင့် ခေတ်မီလာစေရန်အတွက် တောင်သူများရရှိသော အမြတ်အစွန်းများ တိုးမြှင့်လာစေခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ထွန်းစေရန် ပံ့ပိုးအားပေးခြင်း နှင့် လုပ်ခလစာ မြင့်မားသော အလုပ်အကိုင်အသစ်များ ရရှိစေရန် လူထု၏ လုပ်ငန်း ကျွမ်းကျင်မှုအား တိုးတက်လာစေခြင်း တို့ဖြင့် ထောက်ပံ့ပေးလျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လုပ်ကွက်ငယ်တောင်သူများ နှင့် လယ်မဲ့မြေမဲ့ ပြည်သူများအတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်လာနိုင်မည့် အခွင့်အလမ်းများ ဖြစ်ထွန်း လာခဲ့သည်။ LIFT ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော သုတေသနစစ်တမ်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ၌ ဖွဲ့စည်းပုံဆိုင်ရာ အသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်နေကြောင်းကို အထောက်အထားများဖြင့် တွေ့ရှိခဲ့ ပါသည်။ ဤသို့ ပြောင်းလဲလျက်ရှိသောဝန်းကျင်နှင့် လျော်ညီစွာ LIFT မှ အသိပညာပေးခြင်း၊ နည်းပညာအသစ်များ ပံ့ပိုးပေးခြင်း နှင့် ငွေကြေးနှင့်ဈေးကွက်များသို့ လက်လှမ်းမီစေရန် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်။ ထို့ပြင် ကျေးလက်နေ ဆင်းရဲနွမ်းပါးသော ပြည်သူတို့၏ဘဝ တိုးတက်ကောင်းမွန်လာစေရေးအတွက် မူဝါဒများရေးဆွဲရာတွင် ထောက်ပံ့ပေးမည့် သက်သေအထောက်အထားများ ပြုစုတင်ပြခြင်းကိုလည်း လုပ်ဆောင်နေပါသည်။

LIFT ၏ အမေရိကန်ဒေါ်လာ ၂၆၆ သန်း ပံ့ပိုးမှုဖြင့် ကျေးလက်နေ ပြည်သူ ၇.၂ သန်းခန့်အား လွှမ်းခြုံလျက်ရှိပြီး ၎င်းသည် နိုင်ငံအတွင်းရှိ ကျေးလက်နေပြည်သူများ၏ ၂၀ ရာခိုင်နှုန်းခန့် ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် LIFT သည် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသ၊ ရခိုင်ပြည်နယ် နှင့် တောင်ပေါ်ဒေသများတွင် လုပ်ငန်း အသစ်များ စတင်ထည့်သွင်းလုပ်ဆောင်ခဲ့ပြီး ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းများတွင်လည်း အလားတူပင် ထည့်သွင်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ စီမံကိန်းများဖြင့် LIFT ၏ ၂၀၁၄-၂၀၁၈ မဟာဗျူဟာသည် သက်ဝင်လှုပ်ရှား လာခဲ့ပြီး အကျိုးခံစားခွင့်ရှိသည့် ဦးတည်အုပ်စုများအား စီးပွားဖြစ်တန်ဖိုးကွင်းဆက်များထဲသို့ 'တက်လှမ်း' နိုင်စေရန်၊ ဝမ်းစာ မလုံလောက်သော လယ်ယာစိုက်ပျိုးခြင်းမှ ပို၍အမြတ်အစွန်းရနိုင်သော စိုက်ပျိုးရေး လုပ်ငန်းများနှင့် လယ်ယာ ပြင်ပ အသက်မွေးမှု လုပ်ငန်းများသို့ 'ထွက်ခွာ' နိုင်စေရန် နှင့် နောင်အခါတွင် 'တက်လှမ်း' (သို့) 'ထွက်ခွာ' နိုင်ရေးအတွက် အာဟာရ ပြည့်ဝကောင်းမွန်ပြီး လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်လာစေခြင်းဖြင့် 'တောင့်ထား' နိုင်စေရန် တို့ကို ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

LIFTကို ယူနိုက်တက်ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဆွီဒင် နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပံ့ပိုးပေးထားပြီး မစ်ဆူဘီရှိ ကော်ပိုရေးရှင်းသည် ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်အဖြစ် ပါဝင်ပါသည်။ အကူအညီများ ထိရောက်မှုရှိစေရေးအတွက် ရန်ပုံငွေများအား စုပေါင်းကာ အသုံးပြုခဲ့သည်။ UNOPS ၏ စီမံခန့်ခွဲမှုအောက်တွင် ရန်ပုံငွေ၏ လုပ်ပိုင်ခွင့်သက်တမ်းအား တိုးချဲ့ခဲ့ပြီး လုပ်ငန်းများကိုလည်း အနည်းဆုံးအနေဖြင့် ၂၀၁၈ ခုနှစ် နှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားသည်။

# အကျိုးသက်ရောက်မှု

LIFT သည် သိသာထင်ရှားသော ရလဒ်ကောင်းများကို ပေးခဲ့ပြီး ပံ့ပိုးမှုများဖြင့် လွှမ်းခြုံနိုင်မှုကို တိုးချဲ့ခဲ့သည်။

မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ ဝင်ငွေရရှိမှု၊ အာဟာရပြည့်ဝမှု နှင့် ကြံ့ကြံ့ခံနိုင်မှုတို့အပေါ်တွင် LIFT ၏ လုပ်ငန်းစီမံချက်များမှ အကျိုးသက်ရောက်မှုသည် ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှု ၇ နှစ်မြောက်ဖြစ်သော ၂၀၁၆ ခုနှစ်တွင် LIFT သည် ရလဒ်ညွှန်းကိန်း ၂၇ ခုရှိသည့်အနက် ၂၄ ခုတွင် လျာထားချက်အတိုင်း (သို့) ပြည့်မီလျက် ကျော်လွန်လျက် ရှိသည်။ ထိုအထဲတွင် ရည်ရွယ်ချက်အဆင့်ရှိ အကျိုးရလဒ်များအတွက် ညွှန်းကိန်းများအားလုံး ပါဝင်ခဲ့ပြီး ကျေးလက်ဒေသ ဝင်ငွေရရှိမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အာဟာရ ပြည့်ဝမှု နှင့် မူဝါဒရေးဆွဲမှုတို့အား တိုးတက်ကောင်းမွန်စေရန် လျာထားခဲ့ခြင်းဖြစ်သည်။

LIFT ၏ ရန်ပုံငွေသက်တမ်းတလျှောက် ရလဒ်များမှာ


- လူပေါင်း ၂.၂ သန်းသည် ဝင်ငွေတိုးလာသော အိမ်ထောင်စုများတွင် နေထိုင်သူများဖြစ်သည်။
- လူပေါင်း ၂.၃ သန်းသည် ပိုင်ဆိုင်မှုများ တိုးပွားလာသည့် အိမ်ထောင်စုများတွင် နေထိုင်သူများဖြစ်သည်။
- လူပေါင်း ၂ သန်းသည် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည် ပိုမိုအားကောင်းလာခဲ့သည်။
- အိမ်ထောင်စု ၃၂၆,၀၀၀ သည် အာဟာရပြည့်ဝစွာ ပိုမိုစားသုံးလာခဲ့သည်။

LIFT သည် အမျိုးသမီးများအား ဆက်လက်ပံ့ပိုးပေးလျက်ရှိပြီး အထူးသဖြင့် မိခင်များ အာဟာရပြည့်ဝမှု တိုးမြှင့်စေရန်၊ ငွေကြေးဆိုင်ရာ သိရှိနားလည်မှု တိုးတက်လာစေရန် နှင့် ချေးငွေများကို လက်လှမ်းမီရယူနိုင်စေရန်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ LIFT မှ ထောက်ပံ့လျက်ရှိသော ငွေရေးကြေးရေးဝန်ဆောင်မှုများကို အသုံးပြုသူများ၏ ၉၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများနှင့် ကလေးများအား ညှင်းပန်းနှိပ်စက်ခြင်း နှင့် လူကုန်ကူးခြင်းတို့ကို လျှော့ချနိုင်ရန်လည်း ဆောင်ရွက်ခဲ့သည်။


အခြားအရေးပါသော ရလဒ်များမှာ လုပ်ကွက်ငယ်တောင်သူများ၏ လယ်ယာကုန်ထုတ်လုပ်မှုများ တိုးတက်လာခြင်း နှင့် လယ်ယာပြင်ပလုပ်ငန်းများတွင် လုံခြုံမှုရှိသော အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာခြင်းတို့ ဖြစ်သည်။ LIFT ၏ ရန်ပုံငွေများကို စီမံခန့်ခွဲနိုင်ရန်အတွက် ပြည်တွင်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များမှာလည်း သိသိသာသာ တိုးတက်လာခဲ့သည်။

၂၀၁၆ ခုနှစ်တွင် LIFT မှ လွှမ်းခြုံရောက်ရှိနိုင်ခဲ့သော လူဦးရေမှာ သိသာထင်ရှားစွာ များပြားလာခဲ့ပြီး နိုင်ငံတဝှမ်းရှိ မြို့နယ်ပေါင်း ၂၂၂ မြို့နယ်၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိကာ၊ ၂၀၁၅ နှစ်ကုန်ပိုင်းတွင် လုပ်ဆောင်ခဲ့သော မြို့နယ် အရေအတွက်ထက် နှစ်ဆကျော်များပြားလာသည်ကို တွေ့ရသည်။ ထိုသို့ ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ခြင်း၏ အဓိက အကြောင်းအရင်းမှာ မြန်မာနိုင်ငံရှိ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း ဈေးကွက်ကို လျင်မြန်စွာစတင်နိုင်ရန် LIFT မှ ရင်းနှီးမြှုပ်နှံမှုခဲ့ခြင်းကြောင့်ဖြစ်ပြီး ၎င်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ၏ ဝန်ဆောင်မှုများအား ဝေးလံသောနေရာများအထိ ပိုမိုရောက်ရှိစေနိုင်ခဲ့သည်။

နှစ်အလိုက် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသည့် LIFT ၏ ရန်ပုံငွေ ရာခိုင်နှုန်း




# အောင်မြင်ပြီးစီးခဲ့သော ရလဒ်များ ၂၀၁၀-၂၀၁၆



LIFT ၏ ပံ့ပိုးမှုများသည် လူဦးရေ

**၇.၂ သန်း**

ကို ရောက်ရှိခဲ့ပြီဖြစ်သည်



လူဦးရေ **၁.၆ သန်း**

သည် LIFT မှ ထောက်ပံ့ပေးသည့်
အသေးစား ငွေရေးကြေးရေး
အဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ
ဝန်ဆောင်မှုများကို ရရှိကြပြီး ၎င်းတို့ထဲမှ
၉၄% မှာ အမျိုးသမီးများ ဖြစ်ကြသည်



လူဦးရေ **၂.၁ သန်း**


ခန့်သည် တစ်လထက်ပို၍ စားနပ်ရိက္ခာ
ဖူလုံလာကြသည်



လူဦးရေ

**၂ သန်း**

သည် ကြံ့ကြံ့ခံနိုင်မှု ပိုရှိလာကြသည်



အိမ်ထောင်စုပေါင်း

**၄၉၁,၀၀၀**


ခန့်က ဝင်ငွေတိုးတက်လာသည်ဟု
တင်ပြကြသည်



အိမ်ထောင်စုပေါင်း

**၃၂၆,၀၀၀**

ခန့် အာဟာရပိုမိုပြည့်ဝစွာ
စားသုံးလာကြသည်။



အရပ်ဘက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်

**၄၃၄,၀၀၀**

သည် LIFT ရန်ပုံငွေ ထောက်ပံ့သော
သင်တန်းများတွင် တက်ရောက်ခဲ့ကြသည်။



အိမ်ထောင်စုပေါင်း

**၂၇၇,၀၀၀**

ခန့်သည် စိုက်ပျိုးရေးပြင်ပ
လုပ်ငန်းများကြောင့်
ဝင်ငွေတိုးတက်လာသည်



အိမ်ထောင်စုပေါင်း

**၅၂၂,၀၀၀**

သည် ပစ္စည်းပိုမိုပိုင်ဆိုင်လာကြသည်

# ကျွန်ုပ်တို့၏ လုပ်ငန်းနယ်မြေ

LIFT သည် စိုက်ပျိုး-ဂေဟ နယ်မြေ လေးခုတွင် လုပ်ကိုင်လျက်ရှိပြီး ယင်းတို့မှာ - ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသ၊ ရခိုင်ပြည်နယ် နှင့် တောင်တန်းဒေသတို့ ဖြစ်သည်။ အဆိုပါနယ်မြေများတွင် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုးအား ဖန်တီးပေးခြင်း၊ ကြံ့ကြံ့ခံနိုင်မှုကို ပို၍အားကောင်းလာစေခြင်း၊ အာဟာရပြည့်ဝသော အစားအစာများ ပိုမို စားသုံးလာနိုင်စေခြင်း နှင့် အခွင့်အလမ်းများ တိုးပွားလာစေခြင်းတို့ဖြင့် ပြည်သူလူထုအား ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်လာနိုင်မည့် လုပ်ငန်းများအား ရေးဆွဲဆောင်ရွက်ခဲ့သည်။ စီမံချက်များကိုလည်း နယ်မြေဒေသ တစ်ခုချင်းစီ၏ ထူးခြားသော အခြေအနေများနှင့် ကိုက်ညီစွာ လုပ်ဆောင်လျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် စိုက်ပျိုး-ဂေဟနယ်မြေလေးခု၌ အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်နိုင်မှုများအနက်မှ ကောက်နုတ်ချက်အချို့မှာ -

## ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ

ဆန်စပါးထုတ်လုပ်မှု အများဆုံးဒေသတစ်ခုဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် တောင်သူများအား ၎င်းတို့၏ ထုတ်လုပ်မှုစွမ်းအားကို တိုးတက်ကောင်းမွန်လာစေရန် ပံ့ပိုးပေးခြင်းမှာ LIFT ၏ လုပ်ငန်းများအနက် အဓိကတစ်ခု ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် မျိုးစေ့ထုတ်လုပ်သူအရေအတွက် ပိုမိုများပြားလာစေခြင်း နှင့် ထုတ်လုပ်သူများ နှင့် ဖြန့်ချီသူများအကြား ချိတ်ဆက်မှုများ ပြုလုပ်ပေးခြင်းတို့ဖြင့် တောင်သူများအား အရည်အသွေးမီ ဆန်စပါးမျိုးစေ့များ ရရှိနိုင်မှုကို မြှင့်တင်နိုင်ရန် ဆောင်ရွက်ရာတွင် တိုးတက်မှုများရရှိခဲ့သည်။ ယင်းသည် မြစ်ဝကျွန်းပေါ်ဒေသရှိ အိမ်ထောင်စုများအား ‘တက်လှမ်း’ ခြင်း ပြုလုပ်ရာတွင် ပံ့ပိုးကူညီပေးသော လုပ်ငန်းများမှ တစ်ခုဖြစ်သည်။

## အပူပိုင်းဒေသ

အပူပိုင်းဒေသတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အစပျိုးလုပ်ဆောင်မှုများဖြင့် စီးပွားရေးဆိုင်ရာ အသွင်ကူးပြောင်းမှုတွင် တတ်နိုင်သမျှ အားလုံးပါဝင်လာနိုင်စေရန်နှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများအနေဖြင့် နောက်တွင် မကျန်ရစ်ပဲ ‘တောင့်ထား’ နိုင်စေရန်အတွက် ဆောင်ရွက်ခဲ့သည်။ အပူပိုင်းဒေသရှိ LIFT ၏ သက်ကြီးပင်စင်ဆိုင်ရာ ရှေ့ပြေး စီမံချက်ကြောင့် ၂၀၁၇/၁၈ တွင် ထွက်ပေါ်လာရန် မျှော်မှန်းထားသည့် အမျိုးသားအဆင့် ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်များအား စီမံခန့်ခွဲရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီများနှင့် အစိုးရဝန်ထမ်းများ အကြား အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာခဲ့ကြသည်။

## တောင်တန်းဒေသ


တောင်တန်းဒေသတွင် LIFT သည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက် ဆောင်ရွက်မှု စသည့် လက်ရှိ ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့်အတူ စိုက်ပျိုးရေး၊ အာဟာရ နှင့် လူမှုစီးပွားရေး ဆိုင်ရာ ဝန်ဆောင်မှု အမျိုးမျိုးကို ပေးနိုင်မည့် စီမံကိန်းများကိုလည်း စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် LIFT သည် မိတ်ဖက်အဖွဲ့အစည်း အသစ်များ၊ အဓိက ပတ်သက်ဆက်နွယ်နေသူများ နှင့်အတူ ကရင်ပြည်နယ်၊ ကယားပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသများရှိ ပဋိပက္ခဖြစ်ပွားနေသော ဒေသများသို့ပါ စီမံချက် လုပ်ငန်းများ ချဲ့ထွင် လုပ်ဆောင်နိုင်ခဲ့သည်။

## ရခိုင်ပြည်နယ်

မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသများအနက် တစ်ခုဖြစ်သော ရခိုင်ပြည်နယ်တွင် အာဟာရပြည့်ဝမှု၊ စိုက်ပျိုးထုတ်လုပ်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ တိုးတက်ကောင်းမွန်လာစေရန် တို့ကို LIFT မှ ဦးစားပေး လုပ်ဆောင်လျက် ရှိသည်။ ၂၀၁၆ ခုနှစ်တွင် မိခင်နှင့် ကလေးများအား ငွေကြေးထောက်ပံ့ခြင်းဖြင့် အာဟာရပြည့်ဝစေရန် အစပျိုး လုပ်ဆောင်မှုတွင် ကျေးရွာပေါင်း ၁၈၂ ရွာ ပါဝင်လာခဲ့သည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင်များအား ငွေကြေး ထောက်ပံ့မှုများ ပေးခြင်း နှင့် အာဟာရဆိုင်ရာ အသိပညာပေးခြင်းတို့ဖြင့် ကလေးငယ်များ၏ ဘဝအစ ပထမရက် ၁,၀၀၀ ကာလအတွင်းတွင် အာဟာရပြည့်ဝမှု တိုးတက်ကောင်းမွန်လာစေရန် ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

LIFT သည် ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း စီမံချက် ၁၅၄ ခုအား ထောက်ပံ့ပေးခဲ့သည်။ LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများမှာ ပြည်တွင်း နှင့် ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ သုတေသန အဖွဲ့များ နှင့် ပုဂ္ဂလိကကဏ္ဍတို့ ဖြစ်ပါသည်။ LIFT သည် နိုင်ငံတော်အစိုးရအား နည်းပညာ အထောက်အပံ့ နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အကူအညီများကို ပံ့ပိုးပေးလျက်ရှိပါသည်။

# စိုက်ပျိုးရေး-ဂေဟဇုန်အလိုက် ရန်ပုံငွေ ခွဲဝေချထားမှု



# တိုးချဲ့စီမံကိန်းများ

၂၀၁၆ ခုနှစ်အတွင်းတွင် LIFT သည် ရန်ပုံငွေထောက်ပံ့မှုများ ပေးအပ်ခြင်း၊ ညှိနှိုင်းခြင်း နှင့် လက်မှတ်ရေးထိုးခြင်းတို့၌ အလွန်ကောင်းမွန်သော တိုးတက်မှုများ ရရှိခဲ့ပြီး ရန်ပုံငွေထောက်ပံ့မှု အသစ် ၂၄ ခုအား လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်ကုန်ချိန်တွင် LIFTက ဆက်လက်ဆောင်ရွက်လျက်ရှိသော စီမံချက်ပေါင်း ၇၁ ခု ရှိနေပါသည်။

## မြစ်ဝကျွန်းပေါ်ဒေသ စီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| International Organization for Migration (IOM) | ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) | ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး ၊ အထောက်အပံ့ |
| Mercy Corps<br>Ar Yone Oo<br>Swiss Contact | လယ်ယာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်မှု အလုပ်အကိုင်တို့ဖြင့် ဝင်ငွေတိုးစေခြင်း | တောင်သူ ထုတ်လုပ်သူအဖွဲ့များကို ထောက်ပံ့ခြင်း။ မြေမဲ့ယာမဲ့ မိသားစုများကို အသက်မွေးမှု၊ စီးပွားရေး၊ ဘဝဆိုင်ရာ ကျွမ်းကျင်မှု ရရှိစေခြင်း၊ ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ သတင်း အချက်အလက်၊ ရန်ကုန်မှလုပ်ငန်းရှင်များ နှင့် ချိတ်ဆက်ပေးခြင်း တို့ဖြင့် ထောက်ပံ့ခြင်း |
| Welthungerhilfe (WHH) | ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် မြစ်ဝကျွန်းပေါ်ကျေးလက် ဒေသအား အလေးထားခြင်း | တောင်သူအုပ်စုများကို ထောက်ပံ့ခြင်း၊ လယ်ယာမဲ့၊ ထိခိုက်လွယ် မိသားစုများနှင့် စီးပွားရေးသမားငယ် များကို လယ်ယာ မဟုတ် သော အသက်မွေးမှု လုပ်ငန်းဆိုင်ရာ ထောက်ပံ့ခြင်း၊ အာဟာရ ကောင်းမွန်မှု၊ အခြေခံ တကိုယ်ရည်သန့်ရှင်းမှု အလေ့အကျင့်တို့ ကို ဖြစ်ထွန်းစေခြင်း |
| Save the Children | ကြံ့ကြံ့ခံမှု၊ အာဟာရ ပြည့်ဝရေး စုပေါင်းဆောင်ရွက်မှု တို့ကို တည်ဆောက်ခြင်း | ကလေး၏ ဘဝအစ ပထမရက်ပေါင်း ၁၀၀၀အတွင်းရှိ မိခင်နှင့် ကလေးများအား ငွေကြေးထောက်ပံ့ခြင်း၊ အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားခြင်း |
| WorldFish | အသေးစားငါးမွေးမြူရေးလုပ်ငန်း ရေရှည် ဖြစ်ထွန်းစေခြင်း | အသေးစားငါးမွေးမြူရေးလုပ်ငန်း သုတေသနပြုစုခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှု၊ နေအိမ်ခြံဝင်းအတွင်း အသေးစား ငါးမွေးမြူရေး စနစ်များ သုတေသနပြုခြင်းနှင့် တိုးချဲ့ခြင်း |
| World Vision International Myanmar | ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း | အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအမျိုးမျိုးကို ဖြစ်ထွန်းစေရန် ထောက်ပံ့ခြင်း |
| Metta Development Foundation | အားလုံးပါဝင်စေသော တိုးတက် ထွန်းကားမှုနှင့် ရေရှည်ခံသော ဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲသော စီမံချက်များကို ဖြစ်ထွန်းစေခြင်း | အကြံပေးဝန်ဆောင်မှု၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ စုပေါင်း သိုလှောင်မှု ဈေးကွက်တင်မှု၊ တောင်သူ အစည်းအရုံးတို့ဖြင့် စပါးထုတ်လုပ်မှု၊ အရည်အသွေး၊ တန်ဖိုးများကို တိုးမြှင့်ခြင်း |
| Link Emergency Aid & Development (LEAD) | လယ်မဲ့မြေမဲ့ တောင်သူတို့၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုကို ထောက်ပံ့ခြင်း | ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေးဖြင့် ဝင်ငွေရလမ်း များပြားစေရန် ထောက်ပံ့ခြင်း |
| Radanar Ayar | ဘက်စုံစိုက်ပျိုး - စီးပွားလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး | ဒေသတွင်း မျိုးစပါးထုတ်လုပ်ရေးကို ထောက်ပံ့ခြင်း၊ စုပေါင်း သိုလှောင်မှု ဈေးကွက်တင်မှု၊ ရိတ်သိမ်းချိန်လွန် နည်းနာများကို ကောင်းမွန်စေခြင်း၊ တောင်သူ ဦးဆောင်သော ပညာပေးရေး၊ ပုဂ္ဂလိကကဏ္ဍ နှင့် ကန်ထရိုက်လယ်ယာ လုပ်ကိုင်ခြင်း |
| Groupe de Recherche et d’Echanges Technologiques (GRET) | မြစ်ဝကျွန်းပေါ်ဒေသရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းရေး | မြို့နယ် အခြေပြု CSO များ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် အသေးစား ထောက်ပံ့ငွေ |

# အပူပိုင်းဇုန် စီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
| --- | --- | --- |
| ActionAid | ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှု စီးပွားရေး ကွန်ရက် | အမျိုးသမီးများအား အသက်မွေးမှုသင်တန်း၊ အလုပ်အကိုင်နှင့် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်း |
| Terre des Hommes (TdH) | ဟင်းသီးဟင်းရွက် မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာသော နည်းပညာအသစ်များ | အပူပိုင်းဇုန်အတွင်းရှိ ချောင်ကျသော ကျေးရွာများမှ လယ်မဲ့မြေမဲ့များနှင့် ဝမ်းစာမလုံလောက်သော တောင်သူများအား ရေကို ထိရောက်စွာ အသုံးပြုကာ အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေနှင့် အာဟာရကောင်းမွန်စေရန် ဆောင်ရွက်ခြင်း |
| International Fertilizer Development Center (IFDC) | အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်းဝန်ဆောင်မှု စီမံချက် | သွင်းအားစု နှင့် အကြံပေးဝန်ဆောင်မှုပေးသည့် ဒေသခံများ နှင့် ဌာနဆိုင်ရာမှ တိုးချဲ့ပညာပေး အရာရှိများ ကို တောင်သူများအား လယ်ယာ အကြံပေးလုပ်ငန်းများ ပေးနိုင်ရန် ထောက်ပံ့ခြင်း |
| UN Food and Agriculture Organization (FAO) Livestock | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ် စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကို တိုးတက်ကောင်းမွန်စေခြင်း ဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း | တိရိစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ရောင်းဝယ်ရေး တို့ကို တိုးတက်စေမည့် မူဝါဒ အဆင့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တောင်သူများကို အကျိုးတူရင်းနှီးမြှုပ်နှံပေးသည့် စီမံချက်ငယ်များကို စတင်မိတ်ဆက်ပေးခြင်း |
| Golden Plain | သစ်စိမ်းမြေသြဇာအသုံးပြုခြင်း နှင့် သီးနှံစနစ် ကို ပြုပြင်ခြင်းဖြင့် မြေဆီလွှာကို ကောင်းမွန် စေကာ ရေရှည်တည်တံ့သော သီးနှံထွက်နှုန်း ရရှိစေခြင်း | သစ်စိမ်းမြေသြဇာအသုံးပြုပြီး မြေဆီပြန်လည် ထိန်းသိမ်းကာ ရေရှည် အထွက်တိုးစေရန် ဆောင်ရွက်ခြင်း၊ သီးနှံပုံစံသစ် နှင့် အထွက်စော မျိုးကောင်းများကို မိတ်ဆက်ခြင်း |
| United Nations Economic and Social Commission for Asia and the Pacific (UNESCAP) | ဘက်စုံကျေးလက် စီးပွား လူမှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် | စက်မှုလယ်ယာ၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ တောင်သူ ဦးဆောင်သည့် လယ်ယာလုပ်ငန်း တီထွင် ဆန်းသစ်ခြင်းဆိုင်ရာ သင်တန်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ နည်းပညာအစီရင်ခံစာများ ပြုစုခြင်း |
| HelpAge International | အပူပိုင်းဇုန် လူမှုကာကွယ် စောင့်ရှောက်ရေး | လက်ရှိ ကျေးရွာအခြေပြု လူမှု ကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များကို ထောက်ပံ့ရန်၊ သက်ကြီးလူမှုရေးပင်စင် ပေးအပ်နေသော အစိုးရစီမံကိန်း နစ်ခုကိုထောက်ပံ့ရန်၊ မသန်စွမ်းတို့ကို ထောက်ပံ့ရန် |
| Save the Children | သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေး တိုက်တွန်း ဆောင်ရွက်ခြင်း | မိခင်တို့ကို ငွေကြေးထောက်ပံ့သည့် ဘဝအစ ရက်တစ်ထောင် စီမံချက်၏ ထိရောက်မှုကို Randomized controlled trail (RCT) များဖြင့် ဆောင်ရွက်ခြင်း |
| MPSWA | ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထိခိုက်လွယ်သော ရပ်ရွာတို့၏ အာဟာရအဆင့်အတန်းကို တိုးတက်စေခြင်း | အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ သတင်းစကား ပြောကြားမှုများဖြင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်/ နို့တိုက်/ကလေးငယ် မိခင်တို့၏ အာဟာရ အမူအကျင့် ကို ကောင်းမွန်စေခြင်း |
| UN-Habitat | ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ မှ ပိုမို ကျန်းမာသော ရပ်ရွာများသို့ | လေဟာပြင် အညစ်အကြေးစွန့်မှု လုံးဝပျောက်ရေးကို ဦးတည်ကာ တိုးတက်ကောင်းမွန်သော တကိုယ်ရည်သန့်ရှင်းရေးနှင့် အညစ်အကြေး စွန့်ပစ်မှု အသိပညာများပေးခြင်း |

# တောင်တန်းဒေသ စီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| ICRAF<br>World Agroforestry Centre<br>Partners: Yezin University of Forestry, Ecosystem Conservation and Community | ရွှေ့ပြောင်းတောင်ယာ စနစ်ကို အစားထိုးမည့် သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်းနည်း | သီးနှံ-သစ်တော ရောနှောစိုက်ပျိုးမှုဆိုင်ရာ ပညာပေးခြင်းနှင့် ဖွံ့ဖြိုးရေးတို့ အတွက် ထောက်ပံ့ခြင်း |
| Mercy Corps<br>Partner: Swiss Contact | ရှမ်းပြည်နယ်တောင်ပိုင်း နှင့် ချင်းပြည်နယ်တွင် လုပ်ကွက်ငယ် တောင်သူများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက်ပြုလုပ်ပေးခြင်း | ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးရေးပညာပေးခြင်း |
| PRIME - Agri | လုပ်ကွက်ငယ်တောင်သူများ ကြီးပွားရေး နှင့် အသက်မွေးမှုလုပ်ငန်းများအတွက် ရေ | လုပ်ကွက်ငယ်တောင်သူများကို ရေရရှိရေး၊ သွင်းအားစု လက် လှမ်းမီရေး၊ ဈေးကွက် ၊ ငွေကြေး၊ သင်တန်း လက်လှမ်းမီရေး ကို ထောက်ပံ့ပေးခြင်း |
| TAG International<br>Partners: Department of Apiculture, Parami Development Network (PDN) | ပျားစီမံချက်။ ရှမ်းပြည်နယ်တွင် ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည် ထုတ်လုပ်ခြင်းကို မိတ်ဆက် ပေးခြင်းနှင့် တိုးချဲ့ခြင်း | ပျားမွေးမြူသည့် တောင်သူအသစ်များသို့ လုပ်ငန်းဆိုင်ရာ သင်တန်းပေးခြင်း၊ ပျားမွေးမြူရေး နည်းနာကောင်းများ၊ ဈေးကွက် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ခြင်း |
| Catholic Relief Services (CRS)<br>Partner: Karuna Myanmar Social Services (KMSS) | ရပ်ရွာလူထုနှင့်ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ အာဟာရပညာပေးခြင်း |
| Choklei Organization for Rural and Agricultural Development (CORAD) Partner: GRET | ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံဖြစ်ထွန်းရေး ကို မြှင့်တင်ပြီး ဘက်စုံစီးပွားဖြစ်ထွန်းရေး | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ အာဟာရပညာပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးမြှင့်ကွင်းဆက်များဖွံ့ဖြိုးမှု၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုကို ထောက်ပံ့ခြင်း |
| Karen Development Network (KDN)<br>Partners: Convenant Consult and Tanintharyi Karen Peace Support Initiative (TKPSI) | နေရပ်စွန့်ခွာနေထိုင်သူများ၏ အသက်မွေးမှုများ ပိုမိုကောင်းမွန်လာရေး | အသက်မွေးမှုပညာ သင်တန်းကျောင်း ထူထောင်ခြင်း၊ သယံဇာတ စီမံခန့်ခွဲမှုကို ထောက်ပံ့ခြင်း၊ နေရပ်စွန့်ခွာသူများ၏ ကြံ့ကြံ့ခံနိုင်မှုအားကို ပိုမိုအားကောင်းစေခြင်း |
| Consortium of Dutch NGOs (CDN) in consortium with Cordaid and World Concern Myanmar<br>Partners: Karen Baptist Convention (KBC) and KMSS | ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေတိုးရေးနှင့် အာဟာရရရှိမှု မြင့်မားရေး | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ တန်ဖိုးမြှင့်ကွင်းဆက်ဖွံ့ဖြိုးမှု၊ မြေယာ ပြန်လည် ကောင်းမွန်ရေး၊ ရေရရှိရေး၊ အာဟာရပညာပေးခြင်း၊ ရေ ပတ်ဝန်းကျင် နှင့် သန့်ရှင်းရေး နှင့် အခြေခံအဆောက်အအုံ၊ CBO၊ CSOတို့၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း |
| Metta Development Foundation | တောင်ပေါ်ဒေသစားနပ်ရိက္ခာဖူလုံရေး နှင့် ဈေးကွက် ဝင်ရောက်ခြင်း | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ တန်ဖိုးမြှင့် ကွင်းဆက်ဖွံ့ဖြိုးမှု၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့ကို ထောက်ပံ့ခြင်း |
| Myanmar Institute for Integrated Development (MIID)<br>Partners: Cornell | လယ်ယာအကြံပေးလုပ်ငန်းများ၊ အာဟာရ မြှင့်တင်ရေးအသိပညာပေး လုပ်ငန်းများဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေး၊ ချင်းပြည်နယ် ကျေးလက် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး | အာဟာရဖောင်းပေး စိုက်ပျိုးရေး၊ အာဟာရပညာ ပေးခြင်း၊ အမျိုးသမီးအခွင့်အရေး နှင့် ခေါင်းဆောင်မှု ဖွံ့ဖြိုးရေးကို ထောက်ပံ့ခြင်း |
| SWISSAID<br>Partners: Metta Development Foundation and GRET | တောင်ပေါ်ဒေသ အရပ်ဖက်အဖွဲ့အစည်းများအတွက် အသေးစား ရန်ပုံငွေများ | မြို့နယ်အလိုက် ရန်ပုံငွေဖြင့် ဒေသတွင်း CSO များ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ဒေသလိုအပ်ချက်အရ တောင်းဆိုသော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ဖော်ဆောင်ခြင်၊ အစိုးရ၊ ဒေသအာဏာပိုင်များ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် လက်တွဲဆောင်ရွက်ခြင်း |

# ရခိုင်ဒေသ စီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| Save the Children | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရေ ပတ်ဝန်းကျင် နှင့် သန့်ရှင်းရေး ၊ အုပ်ချုပ်မှု |
| International Rescue Committee (IRC) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရေ ပတ်ဝန်းကျင် နှင့် သန့်ရှင်းရေး ၊ အုပ်ချုပ်မှု |
| Oxfam GB, Scholar Institute | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | အုပ်ချုပ်မှု၊ အထူးစီးပွားရေးဇုန် တွင် တာဝန်ခံယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု |
| Better Life Organisation (BLO) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ ငါးလုပ်ငန်း |
| CARE International in Myanmar | တက်လမ်း ၂ အတွက် စောင့်ကြည့် အကဲဖြတ်ခြင်း နှင့် သင်ယူခြင်း<br><br>ရသေ့တောင်မြို့နယ်ရှိ ရပ်ရွာများ၊ အိမ်ထောင်စု များတွင် ရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခံနိုင်ရေး၊ စည်းလုံးညီညွတ်ရေး အတွက် ထောက်ပံ့ခြင်း | တက်လမ်းအစီအစဉ်ကို စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်း<br><br>စိုက်ပျိုးရေး၊ သစ်တော၊ တကိုယ်ရည်သန့်ရှင်းရေး၊ လူမှုရေး ကဏ္ဍတွင် အားလုံးပါဝင်စေခြင်း၊ ငွေကြေးကဏ္ဍတွင် ညီညွတ်မှုရှိခြင်း |
| Danish Refugee Council (DRC) / The Norwegian refugee Council (NRC) | ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့် စခန်းပြင်ပ မှ လူငယ်များအတွက် သက်မွေးမှုပညာသင်တန်း များ နှင့် အသက်မွေး ဝမ်းကျောင်းမှု အခွင့်လမ်းများ ပံ့ပိုးခြင်း | အသက်မွေးမှုပညာ သင်တန်းများပေးခြင်း |

# ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| Alliance Microfinance | မြန်မာနိုင်ငံတွင်းသို့ စုငွေဦးတည် အသေးစားငွေရေးကြေးရေး ဈေးကွက် ခေါင်းဆောင်များ ဝင်ရောက်လာရန် ထောက်ပံ့ခြင်း - အပူပိုင်းဇုန် | စိုက်ပျိုးရေး၊ စီးပွားရေး လုပ်ငန်းငယ်နှင့် လူမှုရေး ချေးငွေများ၊ စုငွေ၊ အခြေခံ ငွေရေးကြေးရေး အသိပညာပေးခြင်းနှင့် သက်သာချောင်ချိရေး |
| Ar Yone Oo | အသေးစားငွေရေးကြေးရေး ပံ့ပိုးမှု - အပူပိုင်းဇုန် | စိုက်ပျိုးရေး၊ စီးပွားရေး လုပ်ငန်းငယ်နှင့် လူမှုရေး ချေးငွေများ၊ စုငွေ၊ အခြေခံ ငွေရေးကြေးရေး အသိပညာပေးခြင်းနှင့် သက်သာချောင်ချိရေး |
| Asia Confederation Credit Union (ACCU) | မြန်မာနိုင်ငံတွင်းသို့ စုငွေဦးတည် အသေးစားငွေရေးကြေးရေး ဈေးကွက် ခေါင်းဆောင်များ ဝင်ရောက်လာရန် ထောက်ပံ့ခြင်း - မြစ်ဝကျွန်းပေါ် | အခြေခံ ငွေကြေးအသိပညာပေးခြင်း၊ ငွေရေးကြေးရေး စီမံခန့်ခွဲမှု၊ သမဝါယမ စီမံခန့်ခွဲမှု သင်တန်းများ၊ စုငွေ နှင့် အကြွေးဝယ်ခြင်းများ |
| Border Development Association | အသေးစားငွေရေးကြေးရေး ပံ့ပိုးမှု - အပူပိုင်းဇုန် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ သက်သာချောင်ချိရေး |
| Fullerton | မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် - မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ သက်သာချောင်ချိရေး |
| Groupe de Recherche et d’Echanges Technologiques (GRET) | အပူပိုင်းဇုန်တွင် အသေးစား ငွေရေးကြေးရေးအဖွဲ့တစ်ခု ဖန်တီးခြင်း<br>ချင်း အသေးစားငွေကြေးအဖွဲ့၏ ဖွဲ့စည်းပုံခိုင်မာစေခြင်းဖြင့် ကျေးလက်ဒေသ ငွေကြေးဈေးကွက်ကို တိုးချဲ့ခြင်း | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ သက်သာချောင်ချိရေး |
| National Ecumenical Church Fund (ECLOF) | အသေးစားငွေရေးကြေးရေး ပံ့ပိုးမှု - မြစ်ဝကျွန်းပေါ် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ သက်သာချောင်ချိရေး |
| PACT Global Microfinance (PGMF) | ဖွဲ့စည်းပုံ အားကောင်းစေခြင်းဖြင့် ကျေးလက်ချေးငွေ ကို လက်လှမ်းမီစေခြင်း (MARC) - နိုင်ငံတဝန်း<br>အားလုံးပါဝင်သော ငွေရေးကြေးရေး စီမံချက် (MAFIN) - မြစ်ဝကျွန်းပေါ်<br>ရခိုင်ပြည်နယ်တွင် အားလုံးပါဝင်သော ငွေရေးကြေးရေး စီမံချက် (RAFIN) - ရခိုင်<br>မိခင်နှင့်ကလေး ရက် ၁၀၀၀ ငွေကြေးထောက်ပံ့များ - အပူပိုင်းဇုန် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ သက်သာ ချောင်ချိရေး၊ ငွေကြေးထောက်ပံ့ မှုများတွင် အထောက်အကူပြု ဆောင်ရွက်ခြင်း |
| Proximity Designs | အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ - ရှေ့သို့ဆက်လက်ဆောင်ရွက်ခြင်း<br>- မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသ | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ သက်သာချောင်ချိရေး |
| Social Vision Service | အသေးစားငွေရေးကြေးရေး ပံ့ပိုးမှု - အပူပိုင်းဇုန် | စိုက်ပျိုးရေး၊ စီးပွားရေး လုပ်ငန်းငယ်နှင့် လူမှုရေး ချေးငွေများ၊ စုငွေ၊ အခြေခံ ငွေရေးကြေးရေး အသိပညာပေးခြင်းနှင့် သက်သာချောင်ချိရေး |
| The Currency Exchange Fund (TCX) | ငွေလဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သော စွန့်စားရမှုများအတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူပေးခြင်း | အသေးစား ငွေရေးကြေးရေးကဏ္ဍတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်စေရန် အထောက်အပံ့ပေးခြင်း |
| Wanlark | အသေးစားငွေရေးကြေးရေး ပံ့ပိုးမှု - ရခိုင် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ သက်သာချောင်ချိရေး |
| World Vision International Myanmar / Vision Fund Myanmar (VFM)<br>Partner: World Vision Australia | တောင်တန်းဒေသရှိ အားလုံးပါဝင်လက်လှမ်းမီသော ငွေရေးကြေးရေး စီမံကိန်း<br>- မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသ | နွမ်းပါးသူများ၏ အကျိုးဖြစ်ထွန်းရေးကို ဦးတည်သော စိုက်ပျိုးရေးနှင့် လယ်ယာပြင်ပ လုပ်ငန်းများအတွက် ငွေကြေး ဝန်ဆောင်မှုများ၊ ကြွေးကျန်များ ပေးဆပ် နိုင်ရန် ချေးငွေများ၊ လုပ်ကွက်ငယ် စိုက်ပျိုးရေး နည်းပညာများအတွက် အထူးချေးငွေများ နှင့် စုငွေအပ်နိုင်သည့် အခွင့်အရေးများ |
| YMCA | ဖွဲ့စည်းပုံ အားကောင်းစေခြင်းဖြင့် ကျေးလက်ချေးငွေ ကို လက်လှမ်းမီစေခြင်း (MARC) - မြစ်ဝကျွန်းပေါ် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ သက်သာချောင်ချိရေး |
| Yoma Bank | ရိုးမဘဏ် စိုက်ပျိုး-စီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ်<br>(Agri-business Finance Program AFP)<br>- အပူပိုင်းဇုန်၊ တောင်တန်းဒေသ၊ မြစ်ဝကျွန်းပေါ်၊ ရခိုင် | စိုက်ပျိုးရေးနှင့် လယ်ယာပြင်ပ လုပ်ငန်းများအတွက် ငွေကြေး ဝန်ဆောင်မှုများ၊ ငှါး/ဝယ်စနစ်နှင့် ပိုင်ဆိုင်မှုအာမခံ မလိုအပ်အပ်သော ချေးငွေများ |

# ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်း

၂၀၁၆ ခုနှစ်တွင် LIFT သည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်းအသစ်တစ်ခုအား ဆောင်ရွက်ခဲ့ပြီး ရွှေ့ပြောင်းသွားလာမှုများ ပြုလုပ်ရာတွင် ဘေးကင်းလုံခြုံမှုရှိစေခြင်းနှင့် ပိုမိုအကျိုးအမြတ်ရှိစေခြင်းဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုအား ပိုမိုတိုးတက်လာစေရန် အလေးထား လုပ်ဆောင်ခဲ့သည်။

ရန်ပုံငွေ ကန်ဒေါ်လာ ၁၆ သန်း အသုံးပြုမည်ဖြစ်သော အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လုပ်ငန်းများအတွက် ရန်ပုံငွေလျာထားအသုံးပြုမှု အကြီးဆုံးဖြစ်သည်။ ရွှေ့ပြောင်းသွားလာမှုများ ပြုလုပ်ရာ၌ အမျိုးသမီးများနှင့် အမျိုးသားများအား ဘေးကင်းလုံခြုံမှုရှိစေရန် နှင့် အားတက်ကျေနပ်ဖွယ် လုပ်ပိုင်ခွင့်များ ရရှိစေရန်အတွက် LIFT သည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာတွင် အဓိက ပတ်သက်ဆက်နွယ်နေသူ ၁၅ ဖွဲ့နှင့်  မိတ်ဖက်ပြုဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့များတွင် အစိုးရ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ၊ ကိုက်ညီမှုရှိမည့်အလုပ်အား ရှာဖွေပေးသည့်အဖွဲ့များ၊ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ နှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားပြုသူများ ပါဝင်ပါသည်။

အဓိကအရေးပါသော စီမံချက်များအနက်မှ တစ်ခုမှာ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတစ်ခုနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး ၎င်းစက်ရုံသည် လုပ်သားအင်အား အများဆုံးရှိသည့် စက်ရုံများအနက် တစ်ခုဖြစ်သည်။ စက်ရုံတွင် အလုပ်သမားအင်အား ၄၀၀,၀၀၀ ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၁.၅ သန်းအထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။ စီမံကိန်းတွင် ရွှေ့ပြောင်းသွားလာရာတွင် ဘေးကင်းလုံခြုံစေမည့် နည်းလမ်းအချက်အလက်များကို လူဦးရေ သုံးသန်း မှ လေးသန်းထံသို့ ရောက်ရှိစေရန်အတွက်လည်း သတင်းမီဒီယာများဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။





၂၀၁၆ ခုနှစ်တွင် စက်မှုလယ်ယာကဏ္ဍသို့ တဟုန်ထိုး ကူးပြောင်းလာသည်။ LIFT ၏ စိုက်ပျိုး-စီးပွား ငွေကြေးပံ့ပိုးမှုအစီအစဉ်သည် တောင်သူများအား ထွန်စက်များ၊ ရိတ်ခြွေစက်များ နှင့် အခြားသော စက်ကိရိယာများကို ပိုမိုလက်လှမ်းမီဝယ်ယူနိုင်အောင် ပံ့ပိုးနိုင်ခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်စေခဲ့ကာ လယ်ယာပြင်ပစီးပွားရေးလုပ်ငန်းများကို ကြီးထွားလာစေသည့် တွန်းအားတစ်ခုဖြစ်စေခဲ့သည်

# စက်မှုလယ်ယာဖြင့် ရှေ့သို့တက်လှမ်းခြင်း

အသက်၇၀အရွယ်ရှိ ဦးယဉ်လှိုင်သည် ဇနီး၊သားသမီး မြေးကိုးယောက်တို့နှင့်အတူ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ကြာကန်ထောင့်ရွာတွင် နေထိုင်လျက်ရှိသည်။ ဖခင်ထံမှ ၅၇-ဧကကို ဆက်ခံရခဲ့ပြီး ယခုအခါတွင် အဆိုပါမြေဧကများကို သားများ နှင့်အတူ ခွဲဝေ လုပ်ကိုင် စားသောက်နေကြသည်။

ဦးယဉ်လှိုင်တို့ မိသားစုလေးသည် စပါး နှင့် ပဲတို့ကို နှစ်တိုင်း စိုက်ပျိုးသည်။ စိုက်ပျိုးရေး မှာ အချိန်နှင့် လုပ်ရသည် ဖြစ်၍ အမှား မခံပေ။ အချိန်မီ မစိုက်နိုင်ပါက သီးထွက်၆၀ရာခိုင်နှုန်း အထိ ဆုံးရှုံးနိုင်သည်။

ဦးယဉ်လှိုင်သည် ကလေးဘဝကစ၍ ဤလယ်ထဲတွင်ပင် အလုပ်လုပ်လာခဲ့သည်။ နွားကျောင်းရသည်။ နွားများကိုသာ အသုံးပြု၍ ထွန်ယက်စိုက်ပျိုးရာတွင် လုပ်အားနှင့် အချိန် များစွာ ကုန်လှသည်။ မိသားစု တစ်စုလုံး နှစ်စဉ်နှစ်တိုင်းတွင် တမိုးတွင်းလုံး မနားမနေ အလုပ်လုပ်ခဲ့ကြရသည်။ လယ်ထွန်စက် မဝယ်မီက ဆိုလျှင် စပါးစိုက်ရန်နှင့် မြေပြင်ရန်အတွက် သုံးလ ထက်မနည်း လုပ်ကိုင်ကြရသည်ဟု ဦးယဉ်လှိုင်က ပြောပြသည်။ ယခုအခါ လယ်ထွန်စက်ကိုသုံးပြီး ငါးရက်နှင့် အပြီး ထွန်နိုင်ပြီ ဖြစ်သည်။

၂၀၁၆ခုနှစ်တွင် ဤမိသားစုလေး၏ စိုက်ပျိုးနည်းမှာ ရုတ်ခြည်း ပြောင်းလဲသွားသည်။ နှစ်ပေါင်းတော်တော် ကြာအောင် ငွေစုကာ လယ်ထွန်စက် အကြောင်းကိုလည်း လေ့လာပြီးနောက် ဦးယဉ်လှိုင်တို့ မိသားစုသည် ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် LIFT ရန်ပုံငွေပံ့ပိုးသည့် ရိုးမဘဏ်၏ စိုက်ပျိုး-စီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ် (AFP) ဖြင့် လယ်ထွန်စက်တစီး ဝယ်ခွင့် ရရှိခဲ့သည်။ ဤအစီအစဉ်ဖြင့် ဦးယဉ်လှိုင် သည် မြင်းကောင်ရေ ၄၇-ကောင်အား ရှိသည့် ထွန်စက်ကို ကန်ဒေါ်လာ ၁၈,၀၀၀ခန့်ဖြင့် ဝယ်ယူခဲ့သည်။ ကုန်ကျသည့်တန်ဖိုး၏ (၁၀)ရာခိုင်နှုန်းကိုသာ လက်ငင်း ငွေချေခဲ့ရပြီး (၂)နှစ်အရစ်ကျဖြင့် ပြန်လည်ပေးဆပ်မည် ဖြစ်သည်။ သုံးလတကြိမ် ငွေသွင်းရုံဖြင့် ဤမိသားစုသည် ထွန်စက်တစ်စီးကို ဝယ်နိုင်ခဲ့ပြီ ဖြစ်သည်။

ထွန်စက်ဝယ်ပြီးနောက် ချက်ချင်းပင် အကျိုးရှိလာသည်။ ယခင်က သုံးလ လေးလ လုပ်ရသော အလုပ်ကို ယခုအခါ ငါးရက်သာ လုပ်ရတော့သည်။ လုပ်အားပိုမို တိုးတက်လာကာ သီးနှံထွက်လည်း တိုးလာသည်။ သားအငယ်ဆုံး ဖြစ်သော မင်းထိုက် သည် အစ်ကိုများ နှင့်အတူ ဖခင်ကို အဖော်လုပ်ကာ ထွန်စက်ဝယ်ရန် စာချုပ်လက်မှတ်ထိုးရန် သွားခဲ့ကြသည်။ အဲဒီလိုဝယ်ဖို့ လုပ်နေတဲ့ နေ့တွေက ပျော်စရာကောင်းသောနေ့တွေ ဖြစ်ကြောင်း သူက ပြောပြသည်- 'ကျွန်တော်တို့ ထွန်စက် ပိုင်ပြီဗျ။ အိပ်မက်တွေ တကယ်ဖြစ်လာပြီ'

ယခုအခါ သူ့ ရည်မှန်းချက်များမှာလည်း ကြီးထွားလာလေပြီ။ သူတို့လယ်ကို စနစ်တကျ ဖြစ်စေလိုသည်။ ရွာတွင်လည်း လမ်းကောင်းကောင်း ရှိချင်သည်။ လျှပ်စစ်မီးလည်း လိုချင်သည်။ တနေ့တွင်  ခြွေလှေ့စက်ကြီး ဝယ်ဖို့ မျှော်လင့်သည်။ မြေထပ်ဝယ်ကာ တောင်သူများကို ပညာပေးဖို့ စံပြစိုက်ခင်းလည်း စိုက်ပြချင်သေးသည်။

ဦးယဉ်လှိုင် ၏ဇနီး ဒေါ်သန်းသန်းက- လယ်ကွင်းထဲမှာ စိုက်ချိန်မီအောင် သူ့အိမ်သားများ ပင်ပင်ပန်းပန်း လုပ်ခဲ့ရသည်ကို မကြည့်ရက်အောင် ဖြစ်ခဲ့ရကြောင်း ပြန်ပြောင်း ပြောပြသည်။ ကလေးများ ငယ်စဉ်က အလွန် ရုန်းကန်ခဲ့ရကြောင်း၊ ကလေးတိုင်းကို ကျောင်းထားရန် မတတ်နိုင်ခဲ့ကြောင်း၊ လယ်ထဲမှာ အလုပ်လုပ်ခိုင်း ခဲ့ရကြောင်း၊ မြေးများမှာမူ အခု ခေတ်ကောင်းကို ရောက်နေပြီဟု ပြောပြသည်။ သူမ၏မြေးများ ပညာရေးဆုံးခန်း တိုင်နိုင်မည့် အလားအလာမှာ တကယ် ဖြစ်လာနိုင်လေပြီ။ အကြီးဆုံး မြေးမလေးသည် ရွာမှ နာရီဝက်ခန့်သာ သွားရသော ပုသိမ်တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားနေပြီဖြစ်သည်။

စက်မှုလယ်ယာကြောင့် တမိသားစုလုံး အချိန်ပို ရလာကာ ရပ်ရေးရွာရေး ဘာသာရေးတွင် ဝင်ပါလာနိုင် ကြသည်။ မိသားစု စုံစုံလင်လင် အတူတူ နေရသောအချိန် ပိုရလာသည်။

## ရွာမှာလည်း အကျိုးရှိသည်

လယ်ယာသုံးစက်ကိရိယာမရှိသည့် မင်းထိုက်တို့ အိမ်နီးနားချင်းများလည်း အကျိုးရှိလာသည်။ အိမ်နီးချင်း မြေပိုင်ရှင် ဦးမာစောနှင့် သူ့တူ ဖညတ်တို့သည် လယ်ထွန်စက်ကိုသုံးဖို့ ငွေကျပ်နှစ်သောင်း (ကန်ဒေါ်လာ ၁၅ခန့်) ပေးရသည်။ ထိုငွေမှာ လူ့လုပ်အားဖြင့် ထွန်ယက်သည့် စရိတ်ထက် နည်းသည်။ တနာရီအတွင်း ပြီးစီးသည့် အလုပ်ကို လယ်လုပ်သား နှစ်ယောက်က နွားများဖြင့် နှစ်ရက်ခန့် လုပ်ခဲ့ရသည်။ လွန်ခဲ့သော ရှစ်လအတွင်းတွင် အခြား တောင်သူ အယောက်၂၀ကလည်း မင်းထိုက်တို့ထံမှ ထွန်စက်ကို ငှားခဲ့ကြသည်။ တရွာလုံးမှလယ်များ ပဲစိုက်ရန် မြေပြင် ပြီးကြပြီ။ တရွာလုံး အထွက်ကောင်းမည်ဟု ယုံကြည်ကြောင်း ဦးယဉ်လှိုင်က ပြောပြသည်။ ထိုသို့ အောင်မြင်စေရန် သူ့လယ်ထွန်စက်ကလည်း ပါဝင် စွမ်းဆောင်ခဲ့သဖြင့် သူဂုဏ်ယူမိသည်။

သားအကြီးဆုံး လှမိုးခိုင်က ဒေသအတွင်း လုပ်အား ရှားပါးမှုအကြောင်းပြောပြသည်။ လုပ်ခပိုရသော အထည်ချုပ်လုပ်ငန်း သို့ အလုပ်ပြောင်းကြသဖြင့် လယ်များ မည်သို့ ထိခိုက်ကြောင်းကိုလည်း ပြောပြသည်။ လယ်ထွန်စက်သာ မရှိပါက သူတို့မိသားစုလည်း နောက်ကျကျန်ခဲ့မည်ဟု သူက ပြောသည်။

ယခုအခါ သူ့မိသားစု၏ အနာဂတ်ကို စိတ်ချနိုင်ပြီ ဖြစ်သောကြောင့် ဘဝ၏ ရိုးရှင်းသော အလုပ်ကလေး ဖြစ်သည့် ရွာကျောင်းသို့သွားကာ  မြေးများကို  ကျောင်းကြိုကျောင်းပို့ရသည်ကိုပင် ဦးယဉ်လှိုင် ပျော်မွေ့နေလေပြီ ဖြစ်သည်။



# အားလုံးပါဝင်စေသော ကျေးလက်ဒေသ အသွင်ကူးပြောင်းမှု အတွက် ဆောင်ရွက်ခြင်း

# အားလုံးပါဝင်စေသော ကျေးလက်ဒေသ အသွင်ကူးပြောင်းမှုအတွက် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အသွင်ပြောင်းလဲမှုအတွက် လုပ်ဆောင်လျက်ရှိသော လုပ်ငန်းရပ်များစွာသည် ကျေးလက်ဒေသရှိ ပြည်သူများအတွက်လည်း အပြောင်းအလဲများ ဖြစ်ပေါ်စေလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် စက်မှုလယ်ယာကဏ္ဍ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း နှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံတဝန်း LIFT ၏ စီမံချက်လုပ်ဆောင်ရာ နယ်မြေ ၄ ခုရှိ ကျေးလက်နေပြည်သူများ အပေါ်တွင် သိသာ ထင်ရှားသော အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။

မြို့ပြဒေသရှိ အလုပ်အကိုင် အခွင့်အလမ်းများသည် စိုက်ပျိုးရေးလုပ်ငန်းမှ 'ထွက်ခွာ' လိုသော ကျေးလက်နေ ပြည်သူများအား ဆွဲဆောင်လျက်ရှိသဖြင့် ကျေးလက်ဒေသများမှာ ရွှေ့ပြောင်းသွားလာမှုများလည်း ဆက်လက် မြင့်တက်လာခဲ့သည်။ LIFT သည် ရွှေ့ပြောင်းသွားလာမှုအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာတွင် အသွင်ကူးပြောင်းလာစေရန် မျှော်မှန်း၍ အမေရိကန်ဒေါ်လာ ၁၆ သန်းအသုံးပြုမည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်းတစ်ခုအား ရေးဆွဲကာ ၂၀၁၆ ခုနှစ်တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ ထိုစီမံကိန်းသည် ကျေးလက်ဒေသများမှ ရွှေ့ပြောင်းလုပ်ကိုင်လိုသူများအတွက် ဘေးကင်းလုံခြုံမှုရှိပြီး အကျိုးအမြတ်ရရှိစေသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။ ရွှေ့ပြောင်းလုပ်သားများနှင့် အတူပူးပေါင်း၍ ၎င်းတို့တွင် လိုအပ်သော ကျွမ်းကျင်မှုများ၊ ငွေကြေးဆိုင်ရာ သိနားလည်မှုများ နှင့် မိမိတို့ကိုယ်တိုင်နှင့် မိသားစုများအတွက်ထားရှိသော အလုပ်အကိုင်နှင့် ငွေကြေးဆိုင်ရာ ရည်မှန်းချက်များအား ပြည့်ဝစေနိုင်မည့် အခွင့်အလမ်းအသစ်များသို့ ဘေးကင်းလုံခြုံစွာ 'ထွက်ခွာ' နိုင်ရန်အတွက် ပံ့ပိုးမှုများ ရရှိစေရန် လုပ်ဆောင်လျက်ရှိသည်။

ရွှေ့ပြောင်းသွားလာခြင်းသည် လူတိုင်းအတွက် 'ထွက်ခွာ' ခြင်းပြုလုပ်သည့် အဖြေတစ်ခု မဟုတ်ပါ။ အချို့သူများသည် မိမိတို့၏ ကျေးလက်ဒေသများတွင်ပင် ဆက်လက်နေထိုင်ကြ၍ စိုက်ပျိုးရေးကဏ္ဍ နှင့် ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေးတို့တွင် ပေါ်ပေါက်လာသည့် စီးပွားရေးအခွင့်အလမ်းအသစ်များ ရရှိနိုင်မှုအပေါ် အခြေခံပြီး လုပ်ငန်းများ လုပ်ဆောင်လျက် ရှိကြသည်။ LIFT သည် အမေရိကန်ဒေါ်လာ ၉ သန်း ရင်းနှီးမြှုပ်နှံ၍ စိုက်ပျိုး-စီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ် (AFP) အား ၂၀၁၆ ခုနှစ်၌ စတင်လုပ်ဆောင်ခဲ့သည်။ ယင်းအစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၅၆ သန်း တန်ဖိုးရှိသော ထွန်စက်များ၊ ရိတ်ခြွေစက်များ နှင့် အခြားလယ်ယာသုံး စက်ကိရိယာများ အား အငှားဝယ်စနစ်ဖြင့် စာချုပ် ၃,၀၀၀ ကျော် ချုပ်ဆိုကာ ပံ့ပိုးပေးနိုင်ခဲ့သည်။ လုပ်ကွက်ငယ်တောင်သူများသည် ၎င်းစက်ကိရိယာများသုံးစွဲပြီး မြေယာနှင့်လုပ်အား အသုံးပြုခြင်းဖြင့် ထုတ်လုပ်မှုများ တိုးတက်လာစေရန် နှင့် ကျေးလက်နေ စွန့်ဦးတီထွင်လုပ်ငန်းရှင်များမှ စက်ပစ္စည်း ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အသုံးပြုနိုင်ခဲ့ကြသည်။ စက်မှုလယ်ယာသို့ အသွင်ပြောင်းလဲခြင်းသည် လုပ်ကွက်ငယ်တောင်သူများအား စိုက်ပျိုး ကုန်ထုတ်လုပ်မှုများ တိုးတက်ရေးသို့ 'တက်လှမ်း' ရာတွင် နှင့် အခြားသူများအား လယ်ယာပြင်ပ လုပ်ငန်းများမှတဆင့် ဝင်ငွေရလုပ်ငန်းများသို့ 'ထွက်ခွာ' ရာတွင် ပံ့ပိုးကူညီလျက်ရှိသည်။

၂၀၁၆ ခုနှစ် နှစ်ကုန်ချိန်တွင် LIFT သည် မြို့နယ်ပေါင်း ၂၂၂ မြို့နယ်ရှိ ငွေရေးကြေးရေးလုပ်ငန်း ၅၆ ခုအား ရန်ပုံငွေ ပံ့ပိုးလျက်ရှိပြီး ဝန်ဆောင်မှုအသုံးပြုသူများမှာ ၂၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ဝန်ဆောင်မှုအသုံးပြုသူ အများစုမှာ ၎င်းတို့၏ ချေးငွေများကို စိုက်ပျိုးကုန်ထုတ်လုပ်မှုများဖြစ်သည့် သီးနှံစိုက်ပျိုးမှုများ၊ မွေးမြူရေး နှင့် ရေလုပ်ငန်းတို့တွင် အသုံးပြုကြသည်။ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန်ဖိုးရှိသော စိုက်ပျိုးရေး ချေးငွေများကို ထုတ်ချေးပေးခဲ့သည်။ ကျေးလက်နေအိမ်ထောင်စုများသည် ချေးငွေများ ရယူသုံးစွဲနိုင်ခဲ့သဖြင့် စိုက်ပျိုးကုန်ထုတ်လုပ်မှုများ တိုးတက်ရေးသို့ 'တက်လှမ်း' နိုင်ရန် နှင့် လယ်ယာပြင်ပ ဝင်ငွေရလုပ်ငန်းများသို့ 'ထွက်ခွာ' နိုင်ရန် အခွင့်အလမ်းများ ရရှိလာခဲ့ကြသည်။

LIFT သည် ၂၀၁၆ ခုနှစ်တွင် အာဟာရပြည့်ဝမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျား/မရေးရာ နှင့် လူမှုကာကွယ် စောင့်ရှောက်မှု လုပ်ငန်းများကို LIFT ၏ လုပ်ငန်းနယ်မြေဒေသများတွင် ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေး ကဏ္ဍ အသွင်ပြောင်းလဲနှင့်အတူ ကျေးလက်နေပြည်သူများ၏ လူမှုဘဝအနေအထားများ ပြောင်းလဲနိုင်စေရန် အထောက်အပံ့ဖြစ်စေပါသည်။



၂၀၁၆ ခုနှစ်တွင် LIFT သည် ကျေးလက်ဒေသ ငွေကြေး ဝန်ဆောင်မှုများကို ပိုမိုကျယ်ပြန့်စွာ ပေးအပ်နိုင်ခဲ့သည်

# ၁။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

နိုင်ငံ၏ အနေအထား ဖွံ့ဖြိုးတိုးတက်ပြီး ပြောင်းလဲလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ လူမှုဘဝများလည်း ပြောင်းလဲလာစေရန် ပံ့ပိုးပေးရာတွင် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီအသုံးပြုနိုင်ရေးသည် LIFT ၏ လုပ်ငန်း ချဉ်းကပ်နည်းများအနက် အဓိကကဏ္ဍတစ်ခုဖြစ်သည်။ ငွေရေးကြေးရေး ဝန်ဆောင်မှုများသည် ပြည်သူများအား ပိုမိုကောင်းမွန်သော လယ်ယာသွင်းအားစုများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများအား တိုးချဲ့နိုင်ရန် နှင့် တစ်နှစ်တာအတွင်း ဝင်ငွေရရှိမှုပုံမှန်လည်ပတ်နိုင်ရန် ပံ့ပိုးလျက်ရှိသည်။

ငွေရေးကြေးရေး ဝန်ဆောင်မှုများပေးခြင်း နှင့် ထိုဝန်ဆောင်မှုများအား ရယူအသုံးပြုနိုင်ခြင်းတို့အကြားတွင် ကြီးမားသော ကွာဟမှု ရှိနေခြင်းမှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် အရေးအကြီးဆုံးသော စိန်ခေါ်မှုတစ်ခုဖြစ်ရာ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်းသည် ယခုအချိန်တွင် LIFT ၏ အကြီးမားဆုံး စီမံကိန်းတစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် LIFT သည် The Currency Exchange အဖွဲ့ နှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ အဆိုပါ သဘောတူညီမှုအားဖြင့် ရင်းနှီး မြှုပ်နှံမည့် အဖွဲ့အစည်းများအား မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍသို့ မြန်မာကျပ်ငွေဖြင့် ချေးငှားစေရန်နှင့် တချိန်တည်းမှာပင် ရင်းနှီးမြှုပ်နှံသူများအား မြန်မာကျပ်ငွေ တန်ဖိုး မတည်မငြိမ်ဖြစ်မှုမှ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း စျေးကွက်အတွက် အရင်းအနှီးငွေ အမေရိကန်ဒေါ်လာ ၇၀.၆ သန်းအား ၂၀၁၇ ခုနှစ်တွင် ထုတ်ချေးပေးမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် နှစ်ကုန်ချိန်တွင် LIFT သည် ငွေရေးကြေးရေးလုပ်ငန်း ၅၆ ခုအား (၂၀၁၅ ခုနှစ်တွင် ၄၀ ခုသာ ရှိခဲ့ရာမှ) ထောက်ပံ့ပေးလျက်ရှိပြီး နိုင်ငံတဝှမ်းရှိ ကျေးရွာပေါင်း ၁၅,၀၀၀ မှ ဝန်ဆောင်မှုအသုံးပြုသူပေါင်း ၁.၆ သန်းအထိ ရောက်ရှိ ပံ့ပိုးနိုင်ခဲ့သည်။ ၎င်းပမာဏသည် မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း စျေးကွက်၏ ၆၂ ရာခိုင်နှုန်း ဖြစ်သည်။ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၄၀၀ အား ချေးငွေများအတွက် ထုတ်ချေးပေးခဲ့သည်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို အသုံးပြုသူများအားလုံး၏ ၈၈ ရာခိုင်နှုန်းမှာ ချေးငွေများကို စိုက်ပျိုးကုန်ထုတ်လုပ်မှုများ ဖြစ်သည့် သီးနှံစိုက်ပျိုးမှုများ၊ မွေးမြူရေး နှင့် ရေလုပ်ငန်းတို့တွင် အသုံးပြုခဲ့ကြသည်။

ကျေးလက်ဒေသ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် LIFT ၏ အခြားရည်ရွယ်ချက်တစ်ခုမှာ ငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများ၏ ဖွဲ့စည်းပုံနှင့် ငွေရေးကြေးရေးဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှုရှိစေရေးပင် ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ငွေကြေးအရ ကိုယ်တိုင်ရပ်တည်လာနိုင်သော အသေးစား ငွေရေးကြေးရေးလုပ်ငန်း ၁၂ ခု ရှိလာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၆ ခုသာ ရှိခဲ့သည်။

LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းတိုးပွားမှု

| အညွှန်း | ၂၀၁၅ | ၂၀၁၆ | တိုးပွားမှု |
|---|---|---|---|
| ဝန်ဆောင်မှု အသုံးပြုသူ စုစုပေါင်း | ၁,၂၆၉,၆၆၆ | ၁,၆၃၅,၉၃၂ | ၂၂% တိုး |
| ပိုင်ဆိုင်မှု စုစုပေါင်း (ကန်ဒေါ်လာ) | ၁၆၂,၄၄၃,၁၄၈ | ၂၄၀,၇၂၄,၈၈၁ | ၄၈% တိုး |
| ချေးထားငွေ စုစုပေါင်း (ကန်ဒေါ်လာ) | ၁၃၉,၅၆၀,၇၁၀ | ၂၀၃,၈၃၉,၂၁၈ | ၄၆% တိုး |
| စုငွေလက်ကျန် စုစုပေါင်း (ကန်ဒေါ်လာ) | ၃၆,၂၃၉,၇၈၁ | ၅၁,၉၉၅,၇၁၁ | ၄၃% တိုး |




LIFT နှင့် ရိုးမဘဏ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အိမ်ထောင်စုပေါင်း ၅၅,၀၀၀တို့သည် လယ်ယာမြေ ဧက ၃၅၀,၀၀၀တို့တွင် ထွန်ယက်မြေပြင်ခြင်း လုပ်ငန်းများအတွက် လယ်ယာသုံး စက်ကိရိယာသစ်များ ဝယ်ယူနိုင်ခဲ့ကြသည်

# ၂။ ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှု

စိုက်ပျိုး-ဂေဟနယ်မြေ ၄ခုလုံးတွင် LIFT ၏ အားလုံးပါဝင်စေသော တန်ဖိုးမြှင့်ကွင်းဆက်များဆိုင်ရာ လုပ်ငန်းများသည် ပုဂ္ဂလိကကဏ္ဍနှင့် မိတ်ဖက်ပြုဆောင်ရွက်ခြင်းများ ဖွံ့ဖြိုးလာစေရန် ဦးတည်ထားပြီး အသေးစားစိုက်ပျိုးရေးလုပ်ငန်းများတွင် တိုက်ရိုက်နှင့် သွယ်ဝိုက်သော ရင်းနှီးမြှုပ်နှံမှုများကို လှုံ့ဆော်အားပေးနိုင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် LIFT သည် ရိုးမဘဏ်နှင့် လက်တွဲ၍ စိုက်ပျိုးရေးကဏ္ဍအတွက် အငှားဝယ်စနစ် စီမံကိန်းအသစ်တစ်ခုကို စတင်ခဲ့ကာ လုပ်ကွက်ငယ်တောင်သူများအား အသေးစား စီးပွားရေးလုပ်ငန်းများထံမှ စက်မှုလယ်ယာ ဝန်ဆောင်မှုများကို လက်လှမ်းမီအသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းသည် ကျေးလက်နေ စွန်းဦးတီထွင်လုပ်ငန်းရှင်များအား ထွန်စက်များ၊ ရိတ်ခြွေစက်များ နှင့် ကုန်တင်ကားများ ဝယ်ယူနိုင်စေရန် နှင့် လယ်ယာစိုက်ပျိုးရေးတွင် စက်ကိရိယာ အသုံးပြုမှု တွင်ကျယ်လာပြီး ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ဝင်ငွေများ တိုးတက်လာစေရန်အတွက် လုပ်ဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် နှစ်ကုန်ချိန်တွင် အမေရိကန်ဒေါ်လာ ၅၆ သန်း တန်ဖိုးရှိသော  အငှားဝယ် စာချုပ်ပေါင်း ၃,၀၀၀ ကျော်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် LIFT ၏ စီမံကိန်းမှ တောင်သူ ၄,၀၀၀ ခန့်အား အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးနိုင်ခဲ့သဖြင့် ပုဂ္ဂလိက ကဏ္ဍမှ - အထူးသဖြင့် ဆန်စက်လုပ်ငန်းရှင်များ၊ သွင်းအားစု ပေးသွင်းသူများ နှင့် စက်ကိရိယာ ရောင်းဝယ်သူများ - ပူးပေါင်းပါဝင်မှုများ တိုးမြှင့်လာခဲ့ပါသည်။

အပူပိုင်းဒေသတွင် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် စပ်လျဉ်း၍ ပိုမိုကောင်းမွန်သော အကြံပေးလုပ်ငန်းများကို ပေးနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍမှ သွင်းအားစု လက်လီရောင်းချသူများ၊ ဝန်ဆောင်မှု ပေးသူများကို တောင်သူများ၊ စိုက်ပျိုးရေး တိုးချဲ့ပညာပေး ဦးစီးအရာရှိများ နှင့်အတူ သင်တန်းများ ပို့ချပေးခဲ့ပါသည်။

တောင်တန်းဒေသတွင် ပုဂ္ဂလိကကဏ္ဍမှ မိတ်ဖက်အဖွဲ့အစည်းများသည် သင်တန်းများ၊ ဈေးကွက်များ နှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုတို့အား လက်လှမ်းမီစေရန် ဆောင်ရွက်ခြင်း နှင့် တောင်သူများအား အစုအဖွဲ့များဖွဲ့စည်းရန် နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် အကူအညီပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးလျက်ရှိသည်။



အသက် ၅ နှစ်အောက် ကလေးငယ်များ၏ ပုညက်မှုကို
လျှော့ချနိုင်မည့် အာဟာရကဏ္ဍ ဆောင်ရွက်မှုအသစ်များကို
၂၀၁၆ ခုနှစ်တွင် စတင်နိုင်ခဲ့သည်

# ၃။ အာဟာရ

အာဟာရဆိုင်ရာ ပညာပေးခြင်းနှင့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးပေးခြင်းဖြင့် မိခင်များနှင့် ၎င်းတို့ ကလေးများ၏ ဘ၀အစ ပထမရက် ၁,၀၀၀ ကာလအတွင်းတွင် အာဟာရရရှိမှု တိုးတက်လာစေရန်အတွက် အဓိက ဦးတည် ဆောင်ရွက်နေသော အာဟာရဆိုင်ရာ စီမံကိန်းများကို ၂၀၁၆ ခုနှစ်တွင် တိုးချဲ့လုပ်ဆောင်ခဲ့ရာ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများကို ပံ့ပိုးမှုများ ရောက်ရှိနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ချင်းပြည်နယ်အတွက် အာဟာရဆိုင်ရာ စီမံကိန်းတစ်ခုအား ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် စတင် အကောင်အထည်ဖော်မည်ဖြစ်သည်။ အာဟာရ ဆိုင်ရာ လုပ်ငန်းများသည် ပြည်သူများအား 'တောင့်ထား' ရာတွင် အကူအညီပေးပြီး 'ထွက်ခွာ' နိုင်ရန်အတွက် နောင်လာမည့် မျိုးဆက်သစ်များ၏ စွမ်းဆောင်ရည်ကို မြင့်တက်စေသည်။

LIFT သည် PATH အဖွဲ့က ဆောင်ရွက်နေသည့် စီမံချက်တစ်ခုကို ထောက်ပံ့လျက်ရှိသည်။ အဆိုပါစီမံချက်မှာ စားသုံးသူ များအား အဏုအာဟာရများကို လွယ်လင့်တကူရရှိနိုင်စေမည့် အာဟာရဖြည့်သွင်းထားသော အားဖြည့်ဆန် များကို ထုတ်လုပ်ဖြန့်ချီခြင်းဖြစ်သည်။ စီမံချက်မှ ထုတ်လုပ်သည့် အာဟာရဖြည့်ဆန်များနှင့် အားဖြည့်ဆန်ထုတ်လုပ်သည့် ဆန်စက် ၃ ခုကို မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနမှ တရားဝင် အသိအမှတ်ပြုထောက်ခံခဲ့သည်။ လက်ရှိအချိန်တွင် အားဖြည့်ဆန်များကို စူပါမားကတ် ၂၈ ခုနှင့် လက်လီအရောင်းဆိုင် ၂၀၀ ကျော်တို့မှ ဖြန့်ချီရောင်းချ ပေးလျက်ရှိသည်။



ကျွန်မရဲ့ ပထမကလေး စိုးပြည့်ဝင်း အခု အသက် (၅) နှစ်ရှိပါပြီ။ သူ(၁) လ အရွယ်မှာ ကလေးကို ထမင်းနဲ့ မိခင်နို့ရည်နဲ့ ရောကျွေးဖို့၊ ပြီးရင် အသား၊ ငါးတွေကို မကျွေးဖို့ ကျွန်မ အမေသင်ပြတာတွေကိုနားထောင်ခဲ့ပါ တယ်။ အခု ကျွန်မ နည်းလမ်းသစ်တွေကို သိလာပါပြီ။ ကျွန်မကလေးဟာ အရမ်းအစာ စားချင်စိတ်ရှိတယ်။ ပြီးတော့ ကျွန်မသူ့ကို ကျွေးဖို့မေ့သွားရင် စားဖို့တောင်းတယ်။ သူကတော့ ကျွန်မသမီး ဒီအရွယ်မှာထက် ပိုထွားတယ်၊ ပြီးတော့ ဖျားတယ်နာတယ်ဆိုတာ သိပ်မရှိဘူး။ သူက အရမ်းသန်မာပြီး အားရှိတယ်လေ။ ကျွန်မရဲ့ ပထမ ကလေးတုန်းက ပန်းကလေး တစ်ပွင့်လို ပြုစုစောင့်ရှောက်ခဲ့ရတာပါ။ ဒါပေမဲ့ ဟိန်းပြည့်စုံကတော့ ကျောက်ခဲလို သန်မာပါတယ်။

ဒေါ်သန်းသန်းဝင်း နှင့် ဟိန်းပြည့်စုံ၊ အသက် (၂၂) လ



အမျိုးသမီးများ၏ ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းများ ပိုမိုအားကောင်းလာရေး နှင့် ကျား/မတန်းတူညီမှုများရရှိရန် LIFT က ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်

# ၄။ ကျား/မ ရေးရာ

LIFT သည် ကျား/မ ရေးရာ မဟာဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်တစ်ခုအား ၂၀၁၆ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ထိုမဟာဗျူဟာအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လေ့လာမှုများကို ရန်ပုံငွေထောက်ပံ့ရန်၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန်နှင့် ကျား/မရေးရာ ကျွမ်းကျင်သူများ ခန့်ထားရန်တို့အတွက် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ အား အသုံးပြုသွားမည်ဖြစ်သည်။

LIFT သည် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား မြှင့်တင်ပေးခြင်းနှင့် မြန်မာနိုင်ငံတွင် ကျား/မ ရေးရာ တန်းတူညီမျှမှုအတွက် ဆောင်ရွက်ခြင်းတို့အား ဆက်လက်ပံ့ပိုးပေးလျက်ရှိပြီး ကျွန်ုပ်တို့၏ စီမံကိန်းဆောင်ရွက်ရာ နယ်မြေများတွင် သိသာထင်ရှားသော အောင်မြင်မှုများစွာကို ရရှိခဲ့ပါသည်။ ဥပမာအားဖြင့်ဆိုသော် ရခိုင်ပြည်နယ်တွင် အမျိုးသမီးများအား ၎င်းတို့၏ ရပ်ရွာလူထုအတွင်း၌ ခေါင်းဆောင်များဖြစ်လာရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် အလားအလာများကို ပိုမိုအားကောင်းလာစေခြင်းဖြင့် အမျိုးသမီးများ၏ လုပ်ဆောင်နိုင်စွမ်းအား မြင့်တက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

LIFT သည် အာဟာရကဏ္ဍ၊ ရွှေ့ပြောင်းသွားလာခြင်း နှင့် အသက်မွေးမှုသင်တန်းဆိုင်ရာ စီမံကိန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းမှတဆင့် အမျိုးသမီးများ၏ လုပ်ဆောင်နိုင်စွမ်းအား မြင့်တက်လာပြီး ဘဝအဆင်ပြေစေရေးအတွက် ပံ့ပိုးပေးခဲ့ပါသည်။



အသက် ၂၇နှစ် ရှိတဲ့ သက်ရည်ဝင်းသည် ရခိုင်ပြည်နယ်တွင် Oxfam က ပေးခဲ့သော အမျိုးသမီးခေါင်းဆောင်မှု သင်တန်း တက်ရောက်ခဲ့ပြီးနောက် အခုလို ပြောပါတယ်။

'သင်တန်းတွေကနေ သိခဲ့ရတာ အများကြီးပဲ။ ဒါတွေကို ရပ်ရွာထဲက အမျိုးသမီးတွေကို ပြန်မျှဝေပေးတယ်။ အချင်းချင်း စည်းလုံးအောင် ပါဝင်ကြဖို့လည်း တိုက်တွန်းတယ်'

ပိုမို တာဝန်ယူရန်လည်း သူ စိတ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။ သူကပြုံးလျက်- 'ရွာခေါင်းဆောင်မပြောနဲ့။ ဖြစ်နိုင်ရင် နိုင်ငံတော်သမ္မတတောင် လုပ်ချင်တယ်' ဟု ဆိုသည်။

LIFT သည် ကျေးလက်နေပြည်သူများ၏ ကြံ့ကြံ့ခံနိုင်မှု စွမ်းရည်များ တိုးမြင့်လာစေမည့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်ရပ်ရွာလူထု လှုပ်ရှားများကို ပံ့ပိုးပေးလျက်ရှိသည်



# ၅။ လူမှုကာကွယ်စောင့်ရှောက်ရေး

အလျင်အမြန်ပြောင်းလဲလျက်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေအနေများသည် လူပေါင်းများစွာနှင့် အိမ်ထောင်စုများစွာတို့အတွက် အသက်မွေးဝမ်းကျောင်းမှုများ တိုးတက်ကောင်းမွန်လာစေနိုင်မည့် အခွင့်အလမ်းအသစ်များကို ဖော်ဆောင်ပေးလျက်ရှိသည်။ သို့သော်လည်း ထိုအခွင့်အလမ်းများကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ကျေးလက်နေ အိမ်ထောင်စုများ၏ စွမ်းဆောင်ရည်မှာ နေမကောင်းဖြစ်ခြင်း (သို့) ဆိုးရွားသော ရာသီဥတုအခြေအနေစသည့် ရုတ်တရက်ထိန့်လန့်ဖွယ်ရာများဖြင့် ကြုံတွေ့နေရခြင်း၊ လူမှုစီးပွားရေးဆိုင်ရာ စိတ်ဖိစီးမှုများဖြစ်သည့် အာဟာရ မပြည့်ဝခြင်း၊ လူမှုရေးအခြေအနေ ပြောင်းလဲမှုများ နှင့် ဆင်းရဲနွမ်းပါးမှုတို့ဖြင့် ရင်ဆိုင်နေရခြင်းတို့ကြောင့် အားနည်းလျော့ပါးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်သည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ထိခိုက်လွယ်မှုများအား လျော့ပါးသက်သာစေရန် နှင့် ကာကွယ်တားဆီးနိုင်ရန် ရည်ရွယ်ထားပါသည်။ LIFT သည် နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များအား ပံ့ပိုးပေးနိုင်မည့် လုပ်ငန်းများကို အဓိကထား လုပ်ဆောင်လျက်ရှိပြီး အစိုးရ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေရန်၊ အားလုံးပါဝင်စေခြင်းနှင့် တန်းတူညီမျှခြင်းအား မြှင့်တင်ရန်နှင့် ဦးတည်ပံ့ပိုးလျက်ရှိသည့် ပြည်သူများ၏ ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်များ တိုးမြင့်လာစေရန်တို့အတွက် ဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် LIFT ၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းမှ မိတ်ဖက်အဖွဲ့ဖြစ်သော HelpAge International သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ တစ်နှစ်တာ စမ်းသပ်စီမံချက်တစ်ခုအား ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ရလဒ်အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် အစိုးရ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သော အသက် (၉၀)ကျော် သက်ကြီးဘိုးဘွားများအတွက် အမျိုးသားလူမှုရေးပင်စင် ထောက်ပံ့ခြင်းအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက် နိုင်ရန် အစိုးရမှ ရန်ပုံငွေများ ထည့်ဝင်သွားမည်ဟု ကတိပြုခဲ့သည်။

LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ရပ်ရွာလူထုနှင့်လည်း အတူပူးပေါင်း၍ ထိခိုက်လွယ်မှုများအား ဖော်ထုတ်ဖြေရှင်းနိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြင့်တက်လာစေရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အပူပိုင်းဒေသ၌ HelpAge International နှင့် ၎င်း၏ ပြည်တွင်းမိတ်ဖက်အဖွဲ့ဖြစ်သော Young Men's Christian Association တို့သည် ကျေးရွာ လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီ ၄၀ ခု အား လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နှစ်စဉ် စီမံချက်များကို ကိုယ်တိုင် ရေးဆွဲနိုင်စေရန် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကျေးရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များ ပေါ်ပေါက်လာစေရန်အတွက် ငွေကြေးပံ့ပိုးပေးခဲ့သည်။

မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုဒဏ်ကြောင့် ကမ္ဘာပေါ်တွင် ထိခိုက်ခံရမှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်သည်။



# ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရန် လူထု၏ စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်း

# ၆။ ရာသီဥတု ပြောင်းလဲမှု

လွန်ခဲ့သော နှစ်ခြောက်ဆယ်အတွင်းတွင် မြန်မာနိုင်ငံ၏ ပျမ်းမျှအပူချိန် နှင့် မိုးရေချိန်တို့မှာ တိုးမြင့်လာခဲ့၍ ပြင်းထန်သော ရာသီဥတုအခြေအနေများ ပိုမိုဖြစ်ပေါ်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်မှာလည်း မြင့်တက်လာခဲ့သည်။ ထိုပြောင်းလဲမှုများသည် မြန်မာနိုင်ငံရှိ ပြည်သူများအားလုံးအပေါ် သက်ရောက်မှုရှိသော်လည်း ဆင်းရဲနွမ်းပါးသော၊ ထိခိုက်လွယ်သော၊ စိုက်ပျိုးရေးဖြင့်သာ ဝမ်းစာရှာဖွေနေရသောသူများမှာ အများဆုံးထိခိုက်ခံရသူများဖြစ်သည်။ LIFT သည် ထိုအိမ်ထောင်စုများအား အဓိကထား၍ ရာသီဥတုဆိုင်ရာ ထိတ်လန့်ရမှုများနှင့် စိတ်ဖိစီးမှုများအား ရင်ဆိုင်ဖြေရှင်းနိုင်စေရန် နှင့် ရာသီဥတုပြောင်းလဲမှုကိုလိုက်၍ သင့်လျော်စွာပြုပြင်ပြောင်းလဲနိုင်စေရန်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိသည်။

LIFT သည် နိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုအတွက် ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ် (၂၀၁၂) နှင့် ရာသီဥတုနှင့်သဟဇာတဖြစ်သော စိုက်ပျိုးရေးမူများ စသည်တို့နှင့်အညီ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဆိုင်ရာ စီမံကိန်းများအား ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်သည် ရေကြီးခြင်းနှင့် ဆားငန်ရေဝင်ရောက်ခြင်းတို့ အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များမှာ ထိခိုက်လွယ်မှု အလွန်မြင့်မားလျက်ရှိသည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်၌ LIFT မှ ရန်ပုံငွေပံ့ပိုးပေးခဲ့သော တက်လမ်း စီမံကိန်းသည် လယ်မြေများအတွင်းသို့ ဆားငန်ရေဝင်ရောက်ခြင်းအား ကာကွယ်တားဆီးရာတွင် သိသာ ထင်ရှားသော တိုးတက်မှုများ ရရှိခဲ့သည်။ ၂၂ မိုင်ခန့် ရှည်လျားသော ရေထိန်းနံရံများအား ပြန်လည်မွမ်းမံ တည်ဆောက်ခြင်းဖြင့် စပါးစိုက်ခင်း ဧကပေါင်း ၅,၀၀၀ ကျော်အား ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ခဲ့သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် LIFT သည် ရာသီဥတုပြောင်းလဲခြင်း၏ ရေရှည်အကျိုးသက်ရောက်မှုများကို လေ့လာ၍ ဒေသမျိုးစေ့ အမျိုးမျိုးအား ထိန်းသိမ်းရန်နှင့် ဇီဝမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် LIFT ၏ မိတ်ဖက်အဖွဲ့ဖြစ်သော မေတ္တာဖောင်ဒေးရှင်းအဖွဲ့သည် ရှေ့တန်းမှ လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသ၌ ဆန်စပါးအမျိုးပေါင်း ၄၈ မျိုးအား စမ်းသပ်မှုများပြုလုပ်ခဲ့ပြီး တောင်သူများနှင့် မျိုးစေ့ထုတ်လုပ်သူများအား အသိအမှတ်ပြုထားပြီးဖြစ်သော စပါးမျိုးစေ့များကို ဖြန့်ဝေပေးနိုင်ခဲ့သည်။ ယင်းသည် တောင်သူများအား ရေရှည်တွင် ရာသီဥတုဆိုင်ရာ ထိတ်လန့်ရမှုများနှင့် စိတ်ဖိစီးမှုများကြုံတွေ့မှုများတွင် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်များ တိုးတက်လာစေရန် အတွက် အထောက်အကူပြုပါသည်။

အပူပိုင်းဒေသတွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် တောင်သူများ၏ စွမ်းဆောင်ရည် မြင့်တက်လာပြီး ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြင်ဆင်နိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိသည်။ မြေဆီလွှာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်၊ ရေချွေတာသော နည်းပညာများကို အသုံးပြုစေရန် နှင့် အရည်အသွေးမီသောမျိုးစေ့များ ရရှိနိုင်မှုတိုးမြင့်လာစေရန် စီမံချက်များ ဆောင်ရွက်ခဲ့သည်။



LIFT သည် မူဝါဒရေးဆွဲမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေရန် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်လူထု၏ ဖွံ့ဖြိုးမှုကိုပံ့ပိုးပေးသည်

# ၇။ အရပ်ဘက် လူမှုအဖွဲ့အစည်း

အရပ်ဘက် လူမှုအဖွဲ့အစည်းသည် ကျေးလက်နေပြည်သူများအတွက် အားလုံးပါဝင်စေသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် မြှင့်တင်ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာစေရန် ဆောင်ရွက်ပေးခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့် အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာ ကဏ္ဍများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန် ချိတ်ဆက်ပေးခြင်းသည် LIFT မှ လူထု ဖွံ့ဖြိုးတိုးတက်မှုအား ပံ့ပိုးပေးမှု၏ အဓိက အပိုင်းဖြစ်သည်။ LIFT သည် နိုင်ငံသားတိုင်း ပိုင်ဆိုင်ခွင့်ရှိသော ဖွံ့ဖြိုးတိုးတက်မှုမျိုး ရရှိလာစေရန် ပံ့ပိုးကူညီလျက်ရှိသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အသွင် ကူးပြောင်းမှု နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် မူဝါဒရေးဆွဲခြင်း လုပ်ငန်းစဉ်များ၌ ၎င်းတို့ကိုယ်တိုင် ဦးစီး ဆောင်ရွက်လာနိုင်စေရန် လုပ်ဆောင်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် LIFT သည် သဘောတူစာချုပ် အသစ် ၂၄ ခု ချုပ်ဆိုခဲ့သည့်အနက် ၉ ခုမှာ ပြည်တွင်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ကျန် သဘောတူ စာချုပ် ၁၅ ခုအနက် ၄ ခုတွင် ပြည်တွင်းအဖွဲ့အစည်း ၇ ဖွဲ့သည် ထပ်ဆင့်-အကောင်အထည်ဖော် ဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့များအဖြစ် ပါဝင်ခဲ့ပါသည်။ ပြည်တွင်းအဖွဲ့အစည်းများ အားလုံးမှ စီမံခန့်ခွဲခဲ့သော ၂၀၁၆ ခုနှစ်၏ ဘဏ္ဍာငွေမှာ အမေရိကန်ဒေါ်လာ ၂၃.၁ သန်း ရှိခဲ့သည်။ ၎င်းသည် LIFT ၏ ၂၀၁၆ ခုနှစ် ရန်ပုံငွေထောက်ပံ့မှု အသုံးစရိတ်စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်းရှိပြီး ၂၀၁၅ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ သိသိသာသာတိုးတက်လာခဲ့ခြင်း ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသ နှင့် တောင်တန်းဒေသများတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ အဖွဲ့များနှင့်အတူ အသက်မွေးဝမ်းကျောင်းဆိုင်ရာတွင် ပိုမိုအားကောင်းစေရန် ဆောင်ရွက်လျက်ရှိသော မြို့နယ် အဆင့်ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် အသေးစား ရန်ပုံငွေထောက်ပံ့မှု အခွင့်အလမ်း အသစ် ၃ ခု အား လျှောက်ထားနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်။



၂၀၁၆ခုနှစ်တွင် LIFT သည် စိုက်ပျိုးရေး၊ ကျား/မ ရေးရာ၊ မြေယာကဏ္ဍ၊အာဟာရပြည့်ဝရေး နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့သည်

# ၈။ မူဝါဒ

LIFT သည် နိုင်ငံတော်အစိုးရအား ဆက်လက်ပံ့ပိုးပေးလျက်ရှိပြီး LIFT ၏ စီမံကိန်းတစ်ခုလုံးသည် အစိုးရ၏ မူဝါဒနှင့် အညီ၊ အထူးသဖြင့် LIFT ၏ လုပ်ငန်းရည်ရွယ်ချက်များနှင့် သက်ဆိုင်မှု အရှိဆုံးသော မူဝါဒနယ်ပယ်များတွင် ပံ့ပိုး ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် LIFT သည် စီမံကိန်းဦးစီးဌာနအောက်တွင် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒဌာနခွဲတစ်ခုအား ဖွဲ့စည်း ထူထောင် ခြင်းကို ပံ့ပိုးပေးခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI)၏ စိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာ အသစ်အား ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ခဲ့သည်။

LIFT သည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့နှင့် ပူးပေါင်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေး စီမံကိန်း (GAFSP)မှ ရန်ပုံငွေထောက်ပံ့မှုများ ရရှိနိုင်ရန်အတွက် အဆိုပြုလွှာတင်ပြခြင်းတွင် ပံ့ပိုးကူညီ ပေး ခဲ့သည်။ ထိုအဆိုပြုလွှာမှာ ခွင့်ပြုချက်ရရှိခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် GAFSP ထံမှ အမေရိကန်ဒေါ်လာ ၂၇ သန်း ရန်ပုံငွေထောက်ပံ့မှု ရရှိခဲ့သည်။ ထိုသို့ရရှိခဲ့ခြင်းကြောင့် ADB မှလည်း အမေရိကန်ဒေါ်လာ ၃၅ သန်းအား နှစ်ရှည် အတိုးသက်သာ ချေးငွေအဖြစ် ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

အမျိုးသားအဆင့် မြေယာအသုံးချမှု မူဝါဒအား အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရ၏ အားထုတ်မှုများကို LIFT မှ ဆက်လက်ပံ့ပိုးပေးခဲ့သည်။ မြေယာ စီမံခန့်ခွဲမှုစနစ်အတွက် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများပေးခြင်းနှင့် အစိုးရ၏ အဆင့်တိုင်း၌ ဖွဲ့စည်းပုံဆိုင်ရာ စွမ်းဆောင်ရည်များကို အားကောင်းလာစေခြင်းဖြင့် ပံ့ပိုးလျက်ရှိသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍတွင် LIFT ၏ မိတ်ဖက်အဖွဲ့ဖြစ်သော HelpAge International သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အနီးကပ် ပူးပေါင်း၍ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ ပြဌာန်းခြင်းနှင့် သက်ကြီးပင်စင်အတွက် အစိုးရမှ ငွေကြေးထောက်ပံ့မှုပေးခြင်းတို့အား ပံ့ပိုးဆောင်ရွက်ရာ၌ ဖွဲ့စည်းပုံ ဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းလာစေရန် လုပ်ဆောင်လျက်ရှိသည်။

LIFT သည် အာဟာရကဏ္ဍတွင် နိုင်ငံတော်အစိုးရနှင့် တိုက်ရိုက်လက်တွဲ၍ ချင်းပြည်နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မိခင်နှင့် ကလေးအား ငွေကြေးအထောက်အပံ့ပေးခြင်း (MCCTs)စီမံချက်လုပ်ငန်းဖြင့် ၂ နှစ်တာကာလအတွက် (၂၀၁၇ မှ ၂၀၁၉ ခုနှစ်ထိ) ပံ့ပိုးမှုများပေးနိုင်ရန် စတင်လုပ်ဆောင်ခဲ့သည်။ ၂ နှစ်တာကာလပြီးဆုံးလျှင် အစိုးရအနေဖြင့် ငွေကြေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်များကို အပြည့်အဝ တာဝန်ယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။


ကျား/မရေးရာ ကဏ္ဍတွင် LIFT ၏ ပံ့ပိုးမှုများဖြင့် ကျား/မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network) သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ ပြဌာန်းနိုင်ရန် ပါဝင်ဆောင်ရွက်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အတွက် ဆွေးနွေး လှုံ့ဆော်ခြင်း နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီ၏ ပထမအကြိမ် အစည်းအဝေးပွဲတွင် ပါဝင်တက်ရောက်ခြင်း စသည်တို့အား လုပ်ဆောင်နိုင်ခဲ့သည်။

# LIFT ၏ အုပ်ချုပ်မှု နှင့် ဘဏ္ဍာရေး

LIFT သည် မိမိ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအား ပြောင်းလဲလာသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ အစိုးရသစ်အား ရွေးကောက်တင်မြှောက်ပြီးချိန်ဖြစ်သော ၂၀၁၆ ခုနှစ် မတ်လတွင် LIFT ၏ အလှူရှင်များသည် အသစ်ဖွဲ့စည်းလိုက်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ရန်ပုံငွေ ဘုတ်အဖွဲ့တွင် ပါဝင်ရန်အတွက် ဖိတ်ခေါ်ခြင်းအား သဘောတူညီခဲ့သည်။ နိုင်ငံတော်အစိုးရမှလည်း ထိုသို့ ဖိတ်ခေါ်ခြင်းအား လက်ခံခဲ့ပြီး ယခုအခါတွင် ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လာခဲ့သည်။ အစိုးရမှ ပထမဆုံးအကြိမ်အဖြစ် ကိုယ်စားပြုတက်ရောက်ခဲ့သော ရန်ပုံငွေ ဘုတ်အဖွဲ့အစည်းအဝေးကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည်။ LIFT ၏ ရန်ပုံငွေဘုတ်အဖွဲ့အတွင်းသို့ အစိုးရမှ ပါဝင်လာနိုင်ပြီးနောက် အကြီးတန်း အတိုင်ပင်ခံအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်အား အဆုံးသတ်ခဲ့ကာ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိက ကဏ္ဍများ မှ ဆွေးနွေးအကြံပြုချက်များနှင့် အမြင်များလည်း ရန်ပုံငွေဘုတ်အဖွဲ့ထံသို့ ရောက်ရှိလာနိုင်ရန်အတွက် အခြား နည်းလမ်း များကို ထည့်သွင်းစဉ်းစားလျက်ရှိသည်။

၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ရန်ပုံငွေသက်တမ်းကာလ ထက်ဝက်ကျော်ပြီဖြစ်သော LIFT၏ လုပ်ငန်း ဆောင်ရွက်မှုများကို လက်ရှိမဟာဗျူဟာနှင့် ကိုက်ညီမှုရှိမရှိ ကြားဖြတ် ပြန်လည်သုံးသပ် တင်ပြရန် တာဝန်ပေးခဲ့သည်။ သီးခြားလွတ်လပ်သော ပြန်လည်သုံးသပ်ရေးအဖွဲ့သည် ရန်ပုံငွေမန်နေဂျာရုံး၊ ရန်ပုံငွေဘုတ်အဖွဲ့၊ အစိုးရကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့များ နှင့် အခြားပတ်သက်သူများနှင့် တွေ့ဆုံ ဆွေးနွေးမေးမြန်းခဲ့သည်။ ပြန်လည်သုံးသပ်ချက်များအရ LIFT ၏ လုပ်ငန်းဆောင်ရွက်မှုပိုင်း မှာ အလွန် ကောင်းမွန်ကြောင်း၊  လူများကို 'တက်လှမ်းရန်'၊ 'ထွက်ခွာရန်'နှင့် 'တောင့်ထားရန်' ပံ့ပိုးကူညီသည့် ရည်မှန်းချက်များ အပါအဝင် အောင်မြင်ပြီးစီးသည့် ရလဒ်များမှာလည်း LIFT၏ မဟာဗျူဟာနှင့် ကိုက်ညီကြောင်း ကောက်ချက်ချကြသည်။

၂၀၁၆ ခုနှစ်တွင် LIFT ၏ အသုံးစရိတ် စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၆၆ သန်းအထိ ရောက်ရှိလာခဲ့သည်။




၂၀၁၀-၂၀၁၆ခုနှစ် အထိ အသုံးစရိတ် စုစုပေါင်း (အမေရိကန် ဒေါ်လာ သန်းပေါင်း)

**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ**
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ။ ။ ၀၁ - ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ - ၆၅၇ ၂၇၉
အီးမေးလ် ။ ။ lift@unops.org
lift-fund.org | facebook.com/liftfund | twitter.com/liftfund

LIFT ကို ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံးမှ စီမံခန့်ခွဲသည်။